# တရားဦး

မဟာဝိဇ္ဇောဒယ
အရှင်သီလာနန္ဒာဘိဝံသ
ရေးသားသည်

ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ
သာသနာရေးဝန်ကြီးဌာန
**သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။**

သာသနာ-၂၅၄၄ ကောဇာ-၁၃၆၂ ခရစ် -၂၀၀၁

# တရားဦး

မဟာဝိဇ္ဇောဒယ
အရှင်သီလာနန္ဒာဘိဝံသ
ရေးသားသည်

ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ
သာသနာရေးဝန်ကြီးဌာန
**သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။**

သာသနာ-၂၅၄၄ ကောဇာ-၁၃၆၂ ခရစ် -၂၀၀၁

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးညွန့်မောင်
(မှတ်ပုံတင်အမှတ်-၅၂၄/၀၂၄၀၅) က
ပုံနှိပ်ထုတ်ဝေသည်။

## စာရေးသူ၏အမှာ

ဤစာအုပ်ငယ်ကို ရေးသားရာ၌ တခုတည်းသော ရည်ရွယ်ချက်မှာ ဓမ္မစကြာတရားတော်ကို သက်သာလွယ်ကူစွာဖြင့် သိမြင်နိုင်ရေးပင် ဖြစ်ပေသည်။ သို့ဖြစ်၍ ဤ ကျမ်းငယ်ကလေးတွင် စကားအသုံး အနှုန်းနှင့် ဝါကျ အစီအစဉ်တို့ကို လွယ်ကူနိုင်သမျှ လွယ်ကူအောင် စီစဉ် ရေးသားထားပေသည်။

ဤကျမ်းငယ်ကလေးကို နက်နဲ ကျယ်ဝန်းစွာ ရေးသားထားသော ဓမ္မစကြာအဖွင့် ကျမ်းအကြီးများကို အစားထိုးသော ကျမ်းဟု မမှတ်ယူစေလိုပါ။ ၎င်း ကျမ်းကြီးများကို မဖတ်နိုင်မီ ရှေ့ပြေး မိတ်ဆက်အနေဖြင့် ဖတ်ရှုရန် ကျမ်းငယ်ဟုသာ မှတ်ယူစေလိုပါသည်။

ဤ ကျမ်းအငယ်ကို စီစဉ် ရေးသားရာ၌ အစစ အရာရာကောင်းသည်ထက် ကောင်းအောင် အကြံပေးခြင်း စသည်ဖြင့် ကူညီခဲ့ကြသော အရှင်နန္ဒဝံသ (ခရမ်း)နှင့် အရှင်တိလောကသာရတို့အားလည်း ကျေးဇူး အထူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။

ယင်းသို့ ဆရာတော် ၂-ပါး၏ မွန်မြတ်သော အကူအညီကို ရယူခဲ့သည်မှာ မှန်သော်လည်း ဤကျမ်းငယ်တွင် အမှားအယွင်း တစုံတရာ ပါခဲ့သော် ထိုဆရာတော်များ၏ တာဝန်မဟုတ်ဘဲ ဤစာရေးသူ၏ တာဝန်သာဟု မှတ်ယူကြစေလိုပါသည်။

၁၃၂၄-ခု၊
ဝါဆိုလ

အရှင်သီလာနန္ဒာဘိဝံသ
မဟာဝိဇ္ဇောဒယချောင်
စစ်ကိုင်းတောင်ရိုး

တရားဦး - ၁

## တရားဦး

# မာတိကာ


| စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| ၁။ | စာရေးသူ၏အမှာ | - | - | (က) |
| ၂။ | တရားဦး | - | - | ၁ |
| ၃။ | ဖြစ်တော်စဉ်အကျဉ်း | - | - | ၄ |
| ၄။ | အမှားလမ်းစဉ် | - | - | ၁၃ |
| ၅။ | လမ်းစဉ်မှား ၂-ခု | - | - | ၁၅ |
| ၆။ | စဉ်းစားဖွယ် | - | - | ၁၆ |
| ၇။ | လမ်းစဉ်မှန် | - | - | ၂၀ |
| ၈။ | သစ္စာ ၄-ပါး ဟောရပုံ | - | - | ၂၂ |
| ၉။ | ဆင်းရဲအမှန်တရား | - | - | ၂၄ |
| ၁၀။ | အိုခြင်းဆင်းရဲ | - | - | ၂၅ |
| ၁၁။ | နာခြင်းဆင်းရဲ | - | - | ၂၇ |
| ၁၂။ | သေခြင်းဆင်းရဲ | - | - | ၂၇ |
| ၁၃။ | ပဋိသန္ဓေနေရခြင်းဆင်းရဲ | - | - | ၂၈ |
| ၁၄။ | မချစ်သူတို့နှင့်အတူနေရခြင်းဆင်းရဲ | | - | ၂၉ |
| ၁၅။ | ချစ်သူတို့နှင့်ကွေးကွင်းရခြင်းဆင်းရဲ | | - | ၂၉ |
| ၁၆။ | လိုသည်ကိုမရခြင်းဆင်းရဲ | - | - | ၃၀ |
| ၁၇။ | စောဒကတက်ဖွယ် | - | - | ၃၁ |
| ၁၈။ | သုခလော၊ ဒုက္ခလော | - | - | ၃၂ |

| စဉ် | အကြောင်းအရာ | | | တမျက်နှာ |
|---|---|---|---|---|
| ၁၉။ | အကျကောက်စောဒနာ | - | - | ၃၆ |
| ၂၀။ | ဆင်းရဲ၏အကြောင်းမှန်တရား | | - | ၃၈ |
| ၂၁။ | အကြောင်းရှာစရာဥပမာ | - | - | ၃၉ |
| ၂၂။ | ဘဝဖြစ်ကြောင်း | - | - | ၄၁ |
| ၂၃။ | ရှေ့ဘဝ နောက်ဘဝ ရှိခဲ့ပုံ အထောက်အထား | | | ၄၄ |
| ၂၄။ | ဘဝကို ဖန်တီးသည့်တရား | - | - | ၄၅ |
| ၂၅။ | တဏှာ၏သဘော | - | - | ၄၇ |
| ၂၆။ | တဏှာ (၃)မျိုး | - | - | ၄၈ |
| ၂၇။ | သမုဒယသစ္စာဟောရကျိုး | - | - | ၄၈ |
| ၂၈။ | ဆင်းရဲငြိမ်းမှုအမှန်တရား | - | - | ၅၀ |
| ၂၉။ | နိရောဓသစ္စာ၏သဘော | - | - | ၅၁ |
| ၃၀။ | တကယ်ရှိသောတရား | - | - | ၅၁ |
| ၃၁။ | နိဗ္ဗာန်ရှိပုံ မှန်းဆချက် | - | - | ၅၃ |
| ၃၂။ | နိဗ္ဗာန်၏သဘာဝ | - | - | ၅၅ |
| ၃၃။ | အဘာဝပညတ်မဟုတ် | - | - | ၅၆ |
| ၃၄။ | နိဗ္ဗာန်သည်ပျင်းစရာလော | - | - | ၅၇ |
| ၃၅။ | နိဗ္ဗာန်နှင့် ခံစားမှု | - | - | ၅၈ |
| ၃၆။ | အရှုံးပေးဝါဒလော? | - | - | ၆၀ |
| ၃၇။ | ဒုက္ခငြိမ်းရေးလမ်းစဉ်အမှန် | - | - | ၆၃ |
| ၃၈။ | မဂ္ဂသစ္စာဟောရပုံ | - | - | ၆၃ |

(ဃ) 

# တရားဦး


| စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| ၃၈။ | မဂ္ဂင်ရှစ်ပါး | - | - | ၆၄ |
| ၃၉။ | မဂ္ဂင်အစစ် | - | - | ၆၈ |
| ၄၀။ | ပုထုဇဉ်နှင့် မဂ္ဂသစ္စာ | - | - | ၆၉ |
| ၄၁။ | မဂ္ဂင်အကျဉ်း | - | - | ၇၂ |
| ၄၂။ | သစ္စာသိပုံညာဏ်မျိုးစုံ | - | - | ၇၄ |
| ၄၃။ | မှတ်ကျောက်ပမာ သုံးစရာ | - | - | ၇၇ |
| ၄၄။ | ပစ္စဝေက္ခဏာဉာဏ် | - | - | ၇၈ |
| ၄၅။ | အရှင်ကောဏ္ဍညတရားထူးရပုံ- | | - | ၈၀ |
| ၄၆။ | နတ်ဗြဟ္မာတို့ ကြွေးကြော်ဟန်- | | - | ၈၁ |
| ၄၇။ | အညာသိကောဏ္ဍည | - | - | ၈၃ |
| ၄၈။ | သောတာပန်၏ဂုဏ် | - | - | ၈၄ |
| ၄၉။ | ဧဟိဘိက္ခုရဟန်းဖြစ်ပုံ | - | - | ၈၅ |
| ၅၀။ | နောက်ဆက်သိဖွယ် | - | - | ၈၇ |
| ၅၁။ | ဓမ္မစကြာပါဠိတော် | - | - | ၉၀ |


==×==×==×==

# တရားဦး

နမော သဗ္ဗမ္မဝရစက္ကဝတ္တိနော။

လွန်ခဲ့သော နှစ်ပေါင်း ၂၅၆၀-ကျော်လောက်က ဣန္ဒိယ ပြည်၌ လူ့သမိုင်းတွင် မှတ်တမ်းတင်ရသည့် အရေးကြီးသော ဖြစ်ရပ်ကြီးတခု ဖြစ်ခဲ့လေသည်။ ယင်းဖြစ်ရပ်ကြီးကား အခြားမဟုတ်၊ မိမိကိုယ်ကို "ဗုဒ္ဓ"ဟု လည်းကောင်း၊ "ဇိန" ဟု လည်းကောင်း ဝန်ခံသော ပုဂ္ဂိုလ်ထူးတဆူက မိမိ၏ ဘာသာဝါဒသစ်ကို ဟောပြောကြွေးကြော် ထုတ်ဖော်လိုက်ခြင်းပင် ဖြစ်သည်။ ဟောပြော ကြွေးကြော်ရာဌာနကား ဗာရာဏသီပြည်အနီး ရသေ့တို့မွေ့လျော်ရာဖြစ်သော ဣသိပတန မိဂဒါဝုန်အတွင်း ကောဏ္ဍညအစရှိသော ရသေ့ငါးဦး၏နေရာဖြစ်၏။ ကာလအားဖြင့်ကား နွေဥတု၏အဆုံး ဝါဆိုလပြည့်နေ့တည်း။ မိုးဥတုအကြိုကာလဖြစ်၍ သစ်ပင်တို့သည်လည်း စိမ်းစိုလန်းဆန်း၍ ထိုထိုဤဤ အလီလီသော ရနံ့မွှေးသည့် ပန်းတို့ကလည်း တတောလုံးကို အမွှေးနံ့ ထုံစေလျက် တန်ဆာဆင်ထားသောအခါလည်း ဖြစ်၏။

အချိန်အားဖြင့်လည်း နေ့၏ အပူအရှိန်ကုန်၍ လေပြေလေညင်းတို့ဖြင့် အေးစပြုလာသော ညနေချမ်းအချိန်ဖြစ်၏။ အရှေ့အရပ်မှ ထွက်ပြူလာသော လမင်းကိုလည်း တဝက်မျှသာ မြင်ရသေး

သော အချိန်, အနောက်ဖက်သို့ တနေ့တာလုပ်ငန်း ပြီးစီးပြီဖြစ်၍ မိမိ၏ ပူပြင်းတောက်ပလှသော အရောင်ကို တဖြည်းဖြည်း အရှိန်သတ်၍ ဝင်သွားလေသော နေမင်းကိုလည်း ထက်ဝက်မျှ မြင်ရသေးသော အချိန်ကောင်း ဖြစ်လေသည်။

ဝါဒသစ်ကို နာယူဖို့ စုဝေးရောက်ရှိနေသော ပရိသတ်ကား လူသားထဲမှ ငါးဦးသာရှိလေသည်။ ၎င်းတို့ကား ကောဏ္ဍည, ဝပ္ပ, ဘဒ္ဒိယ, မဟာနာမ်နှင့် အဿဇိဟုခေါ်သော နောင်အခါတွင် "ပဉ္စဝဂ္ဂီ" ဟု အမည်တွင်မည့် ရသေ့ကြီးတို့ဖြစ်လေသည်။ ၎င်းတို့ငါးဦးကား ခေသူများ မဟုတ်ကြ။ သူတို့ခေတ်တွင် အလွန်ခက်ခဲလှသော ဝေဒကျမ်းများ၊ လက္ခဏာဖတ်ကျမ်းများ၊ ဗေဒင်ကျမ်းများ စသော တတ်သင့်တတ်ထိုက်သော ကျမ်းပေါင်းစုံ အတတ်မျိုးစုံကို တဖက်ကမ်းခတ် တတ်မြောက်ကြပြီး၍ အခြေခံပညာ အလွန်ကောင်းသူများတည်း။ ၎င်းတို့အထဲတွင်လည်း ကောဏ္ဍညသည် အတော်ဆုံး ဖြစ်သည်။

၎င်းတို့ငါးဦးအား ဟောပြကြေညာလိုက်သော ဝါဒသစ်ကား အခြားမဟုတ်၊ ယခုအခါတွင် "ဓမ္မစကြာ" ဟုခေါ်သော တရားဦး ဒေသနာပင် ဖြစ်လေသည်။ တရားဦးဖြစ်၍လည်း ဤဒေသနာမှာ အရေးကြီးလှသည်။ တရားရှင်ဖြစ်သော ပုဂ္ဂိုလ်၏လောကကြီးနှင့် ပတ်သက်သော အယူအဆနှင့် သတ္တဝါအားလုံးတို့ အာသာပြင်းပြင်း ဖြင့် တောင့်တနေကြသော ချမ်းသာစစ် ချမ်းသာမှန်ကို ရအောင်

လုပ်ကိုင်ကျင့်ကြံနည်းကို ဤဒေသနာတွင် ဖော်ပြထားပေသည်။ လောက၌ အစိုးရသစ်သော် လည်းကောင်း၊ အဖွဲ့အစည်းအသစ်သော် လည်းကောင်း ပေါ်ပေါက်လာလျှင် ၄င်းအစိုးရ သို့မဟုတ် အဖွဲ့အစည်းသစ်၏ ဝါဒလမ်းစဉ်ကို အများပြည်သူတို့ သိမြင်အကဲခတ်နိုင်ရန် ကြေညာရသလိုပင် " ကမ္ဘာလောကကြီး၌ ဗုဒ္ဓဘာသာခေါ်သော ဘာသာစစ် ဘာသာမှန်ကြီးတခု ပေါ်ပေါက်လာပြီ" ဟု ကြေညာဖို့ရန် ဤတရားဦးကို ထုတ်ဖော်ခြင်းပင်ဖြစ်လေသည်။ ထို့ကြောင့် ဗုဒ္ဓ၏ဝါဒကို နားလည်လိုသော သူတို့သည် ဤတရားဦးကို ပိုင်နိုင်စွာ နားလည်အောင် လေ့လာရပေမည်။

ယင်းသို့ လေ့လာရာတွင်လည်း တရားကိုမလေ့လာမီ တရားရှင်ကို လေ့လာဦးမှ တရားကို ကျယ်ကျယ်ပြန့်ပြန့် ပြည့်ပြည့်စုံစုံ နားလည်နိုင်ကြမည်ဖြစ်၍ တရားရှင်ဖြစ်သော ဗုဒ္ဓအမည်တော်ခံ ပုဂ္ဂိုလ်ထူးအကြောင်းကို လေ့လာရလိမ့်ဦးမည်။

ဗုဒ္ဓအမည်တော်ခံ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်သည် မည်သို့သော ပုဂ္ဂိုလ်ဖြစ်ကြောင်းနှင့်တကွ ၄င်းပုဂ္ဂိုလ်၏ အဖြစ်တော်စဉ်ကို စာဖတ်သူအများပင် သိရှိကြပြီးဖြစ်၍ ရေးဖို့ပင် လိုမည်မဟုတ်ပေ။ သို့သော်လည်း ရရှိပြီးသောစာကို ပြန်၍ နှုးသည့်သဘောဖြင့် သိပြီးပင်ဖြစ်သော်လည်း ပူပူနွေးနွေး ဖြစ်စေရန် အကျဉ်းချုပ်အားဖြင့် လေ့လာကြဦးစို့။

--x--x--x--

# ဗုဒ္ဓ၏ဖြစ်တော်စဉ်အကျဉ်း

အစဉ်သ ပြခဲ့သော လူ့သမိုင်းတွင် မှတ်တမ်းတင်ရသည့် ကိစ္စကြီး မဖြစ်ပေါ်မီ ၃၆-နှစ်လောက်က ယခု ဣန္ဒိယပြည် မြောက်ဘက်ရှိ နီပေါနယ်တွင် လုမ္ဗိနီ အမည်ရှိသော အင်ကြင်းတော အာဟွင်းဝယ် မယ်တော် မာယာသည် ဗုဒ္ဓအလောင်းအလျာဖြစ်သော မင်းသား ကလေးကို ဖွားမြင်ခဲ့လေသည်။ ခမည်းတော်ကား ကပိလဝတ်ပြည့် ရှင် ဘုရင်သုဒ္ဓေါဒနမင်းကြီး ဖြစ်၏။ သုဒ္ဓေါဒနမင်းကြီးနှင့် မဟာ မာယာဒေဝီ မိဖုရားကြီးတို့ကား သကျသာကီဝင် အနွယ်များဖြစ်ကြ၍ ထိုအချိန်က ဘုန်းတန်ခိုးထွားသော မင်း မိဖုရားကြီးတို့ ဖြစ်ခဲ့သည်။ ရှေးဦးစွာ မွေးဖွားသော သားဖြစ်၍ ဘုရင်ကြီးလည်း အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက် ရှိလေသည်။

ဘုရားအလောင်းဖွားပြီး၍ ငါးရက်မြောက်နေ့တွင် နာမည်ပေး မင်္ဂလာကို လုပ်ကြသည်။ ထိုမင်္ဂလာသို့ ပုဏ္ဏား ၁၀၈-ယောက်ကို ပင့်ဖိတ် ကျွေးမွေးပြီး မင်းသားကလေး၏ လက္ခဏာကို ပုဏ္ဏား ရှစ်ယောက်အား ဖတ်စေသည်။ တစ်ယောက်ကလွဲ၍ ကျန်ပုဏ္ဏား ခုနစ်ယောက်တို့က လက်နှစ်ချောင်းထောင်ပြီး "ဒီမင်းသားကလေး ဟာ ခမည်းတော်ရဲ့ အရိုက်အရာကို ဆက်ခံပြီး ထီးနန်းအုပ်ချုပ် မင်းလုပ်လျှင် လေးကျွန်းလုံးကို အစိုးရတဲ့ စကြာမင်းကြီး ဖြစ်လိမ့် မယ်၊ ဒီလိုမဟုတ်ဘဲ အိမ်ရာထောင်တဲ့ လူ့ဘောင်ကြီးကို စွန့်ပစ်ပြီး တောထွက် ရဟန်းပြုမယ်ဆိုလျှင် လောကမှာ အမြတ်ဆုံးဖြစ်တဲ့

သမ္မာသမ္ဗုဒ္ဓ ဘုရားစင်စစ် ဖြစ်လိမ့်မယ်" ဟု ဟောကြသည်။ ၎င်းတို့အထဲတွင် အငယ်ဆုံးဖြစ်သော ကောဏ္ဍည ခေါ်သော ပုဏ္ဏားသည်ကား လက်ညှိုးတချောင်းသာ ထောင်ပြီး " ဒီလိုထူးမြတ်တဲ့ လက္ခဏာတွေနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာ အိမ်ရာထောင်တဲ့ လူ့ဘောင်မှာ မနေနိုင်ပါဘူး။ ကေန်တောထွက် ရဟန်းပြုပြီး ဘုရားဖြစ်ရမယ်" ဟု အတိအကျ ဟောကိန်းထုတ်လေသည်။ သူ့ဟောကိန်းသာ မှန်ကြောင်းလဲစာဖတ်သူများ သိပြီးပင် မဟုတ်ပါလား?

ခမည်းတော် မင်းကြီးကား သားတော်ကလေးကို ဘယ်မှာတောထွက် ရဟန်းပြုစေချင်မည်နည်း? သူ့အရိုက်အရာကို ဆက်ခံပြီး စကြာမင်းကြီးသာ ဖြစ်စေချင်ပေသည်။ သို့ဖြစ်၍ မင်းကြီးကဆက်လက်၍ ပုဏ္ဏားများကို "ဘာအတိတ်နိမိတ်တွေ မြင်ပြီး ငါ့သားတော်ကလေး တောထွက်မှာလဲ" ဟု မေးမြန်းသည်။ အတော်ပါးနပ်သော မင်းကြီးပါပေ။ ပုဏ္ဏားများကလည်း သူအို, သူနာ, သူသေ, ရဟန်းဟူသော နိမိတ်ကြီး ၄-ပါးကို မြင်၍ တောထွက်မည့်အကြောင်း လျှောက်တင်ကြသောအခါ " ငါ့သားတော် မြင်နိုင်ရာရာအရပ်မှာ သူအိုစတဲ့ မကောင်းတာတွေ ဘာမျှမရှိစေရ၊ ငါ့သားတော်ဘုရားဖြစ်သွားတာကို ငါအလိုမရှိ၊ စကြာမင်းဖြစ်ပြီး ကျွန်းကြီး ၄-ကျွန်းလုံးကို အုပ်စိုးတာကိုသာ ငါမြင်လိုတယ်" ဟု ပြန်ပြီး မိန့်တော်မူသတဲ့။ ထို့ပြင် သူ့သားတော် တောထွက်မသွားနိုင်သော အစီအစဉ်များကိုလဲ ပြုလုပ်လေသည်။

သို့နှင့်ပင် လယ်ထွန်မင်္ဂလာ ပြုရမည့်အချိန်သို့ ရောက်ခဲ့သည်။ ထိုနေ့တွင် သုဒ္ဓေါဒနမင်းကြီး ကိုယ်တိုင် အခမ်းအနားဖြင့် လွှယ်ထွန်ရမည် ဖြစ်၍ သားတော်ကလေးကို အနီးရှိ သပြေပင်အောက်မှာ အစောင့်အထိန်းတို့နှင့် ထားခဲ့ပြီး လယ်ထွန်မင်္ဂလာ ပြုတော်မူရသည်။ ဘုရင်ကိုယ်တိုင် ပါဝင်သည့် လယ်ထွန်မင်္ဂလာပွဲဖြစ်၍ အလွန်ပင် ကြီးကျယ်ပေမည်။ သို့ဖြစ်၍ အထိန်းတော်တို့လည်း ၎င်းလယ်ထွန် မင်္ဂလာပွဲကို ကြည့်ချင်လာကြ၍ မင်းသားလေးကို တင်းတိမ်တွင်းမှာ ထားခဲ့ပြီး သွား၍ကြည့်ကြလေသည်။ အထိန်းတော်တွေလဲ အတော်ကြာပြီးမှ မင်းသားကလေး တပါးတည်း ပစ်ထားခဲ့ကြောင်း သတိရ၍ အမြန်ပြန်လာသောအခါ မင်းသားကလေးသည် တင်ပလ္လင်ခွေပြီး ကမ္မဋ္ဌာန်းထိုင်နေသည်ကို အံ့သြဖွယ်ရာ တွေ့ရ၍ မင်းကြီးအားလျှောက်ထားကြလေသည်။ မင်းကြီးလည်း အမြန်လာ၍ သားတော်ကလေးကို မြင်လျှင် သားတော်ကလေးကိုပင် ဦးသုံးကြိမ်ချလေသည်။ ဤသို့ မင်းသားကလေးသည် အာနာပါန ပဥ္စမဈာန်ကို ဝင်စား၍ နေခြင်းဖြစ်သည်။ ဤအချက်ကို သတိပြု မှတ်သားထားပါ။

၎င်းနောက် မင်းသားကလေး အရွယ်ရောက်ပြီး အတတ်ပညာများ စုံသောအခါ သက်တော် ၁၆-နှစ်တွင် ယသောဓရာမင်းသမီးနှင့် စုလျားရစ်ပတ် ထိမ်းမြားလက်ထပ်ပေးပြီး ထီးနန်းကိုပါ အပ်လိုက်လေသည်။ ကာမဂုဏ်အပျော်အပါးတွေကိုလဲ အပြည့်အစုံ

ပေးထားလေသည်။ သားတော်ကလေး လောကကို ရှုမုန်း၍ တောထွက်မသွားနိုင်စေရန် ဖြစ်၏။ ဤကဲ့သို့ လောကချမ်းသာ ကာမဂုဏ်အာရုံတွေကို ခံစားရင်းနှင့်ပင် ၁၃-နှစ်လုံးလုံး စံနေတော်မူခဲ့သည်။

ထိုအခါ တနေ့တွင် ဥယျာဉ်ကစားထွက်စဉ် နိမိတ်ကြီး ၄-ပါးကို မြင်ပြီး လောကကြီးရဲ့ သာယာစရာမရှိပုံတွေကို တွေးမိလာသည်။ မည်မျှပင် အဆင်းလှ, ပစ္စည်းဥစ္စာ ပေါများ, တန်ခိုးရှိစေကာမူ နောက်ဆုံးတနေ့တွင် သေမင်းခံတွင်းသို့ မလွှဲသာ မရှောင်သာဝင်ရမည့်အဖြစ်ကိုလည်း စဉ်းစားဆင်ခြင် မိလေသည်။ ယင်းကဲ့သို့သေ၍သာနေရလျှင် ချမ်းသာဟူသည် မရှိနိုင်ကြောင်းကိုလည်း သဘောပေါက်၍ " သေတတ်တဲ့သဘောရှိရင် မသေတဲ့တရားလဲရှိရမှာပဲ၊ အဲဒီမသေတဲ့ တရားကို ငါရအောင်ရှာနိုင်မှ ချမ်းသာအစစ်ကို တွေ့တော့မှာပဲ၊ ဒီချမ်းသာအစစ်ကို ငါတွေ့မှသာ သတ္တဝါတွေကိုလည်း ငါကယ်တင်နိုင်တော့မှာပဲ" အစရှိသည်ဖြင့် ဉာဏ်တော်မှာထင်မြင်လာခဲ့သည်။

ထို့ပြင် သုမေဓာရှင်ရသေ့ဘဝမှစ၍ အဆင်းရဲခံပြီး သံသရာတလျှောက်တွင် ပါရမီတွေ ဖြည့်ခဲ့သည်မှာလည်း ဤမသေ တရားကို ရှာဖို့ပင် ဖြစ်ခဲ့သည်။ ပါရမီတော်တွေကလည်း ယခု ဘုရားအလောင်း နောက်ဆုံးဘဝတွင် ပြည့်၍နေပေပြီ။ သို့သော် မီးခဲပြာဖုံးဆိုသလို လောကီအာရုံတွေက ဖုံးလွှမ်းထား၍ သက်တော် ၂၉- နှစ်အထိ လောကီစည်းစိမ်တွေကို ခံစားနေမိခဲ့ခြင်း ဖြစ်ပေသည်။ နိမိတ်ကြီး

လေးပါးကို မြင်လိုက်သောအခါကျမှ အသိဉာဏ်အလင်းရောင်တွေ ဝင်လာပြီး တောထွက်ဖို့ ကိစ္စကို လေးလေးနက်နက် စဉ်းစား၍ သန္နိဋ္ဌာန်ကျ ဆုံးဖြတ်လိုက်လေသည်။ ယင်းသို့ ဆုံးဖြတ်ပြီး အပြန် နန်းတော်သို့ ရောက်၍ သားတော်ကလေး ဖွားမြင်ကြောင်း သတင်း ကို ကြားရသောအခါ ဝမ်းမသာသည့်အပြင် ပို၍ပင် စိတ်ရှုပ်သွား ပြန်သည်။ "ငါတော့ ကြာကြာနေရင်သာပြီး တောမထွက်နိုင် ဖြစ်တော့ မှာဘဲ၊ ဒီနေ့ညပဲ တောထွက်တော့မယ်" ဟု ဆုံးဖြတ်ချက် ချပြီး ၄င်း ညမှာပင် တောထွက်တော်မူခဲ့သည်။

တောသို့ ရောက်ပြီးနောက်တွင် ထိုခေတ်က နာမည်ကျော် ဖြစ်သော အာဠာရရသေ့နှင့် ဥဒကရသေ့ကြီးများ၏ အထံသို့ ချဉ်း ကပ်၍ မသေတရားကို ရဖို့ရန် နည်းခံခဲ့သည်။ သို့သော် သူလိုချင် သော မသေတရားကိုကား ၄င်းရသေ့ကြီးတို့က မပေးနိုင်ကြပေ၊ သိလည်း မသိကြပေ။ သို့ဖြစ်၍ နောက်ဆုံးတွင် " ကိုယ့်ကိုယ်ကို အားကိုးမှပဲ" ဟု ကြံပြီး တယောက်တည်း အားထုတ်ရန် တတောဝင် တတောထွက်နှင့် လာခဲ့ရာ ဥရုဝေလတော နေရဉ္ဇရာမြစ်ကမ်းနားသို့ ရောက်ခဲ့လေသည်။ ထိုနေရာတွင် သစ်ပင်တောအုပ်ကလည်း သာယာ, မြစ်ရေကလည်း ကြည်လင်သန့်ရှင်း, ပတ်ဝန်းကျင်ကလည်း တိတ်ဆိတ်ငြိမ်သက်လှရကား တရားအားထုတ်ရန် အလွန်သင့်လျော် သဖြင့် ၄င်းနေရာမှာပင် နေ၍ တယောက်တည်း တရားကျင့်တော်မူ သည်။

သတ္တာအများကို ကယ်တင်ဖို့ဆိုသော ရည်ရွယ်ချက်ဖြင့် ၄င်း နေရာမှာပင် နေလျက် အပြင်းအထန် ကျင့်လေတော့သည်။ ထို ခေတ်ကလည်း ခန္ဓာကိုယ်ကြီးကို နှိပ်စက်နိုင်လေ အကျိုးများလေဟု အယူရှိပြီး ခန္ဓာကိုယ်ကြီးကို နှိပ်စက်ခြင်းဖြင့် ဂုဏ်ယူနေသည့် ခေတ် ဖြစ်ရကား ဘုရားအလောင်းတော်လည်း ၄င်းနည်းများကိုပင် ကျင့် ခဲ့သည်။ မည်မျှအထိ ကျင့်သနည်းဆိုလျှင်အခြားသူတွေ ကျင့်သမျှ ခန္ဓာကိုယ်ကို ညှဉ်းဆဲသည့် နည်းမျိုးစုံကို တယောက်တည်း ဒိုင်ခံ၍ ကျင့်သလိုပင် ဖြစ်တော့သည်။ တနေ့လုံး နေမှ ပဲပြုတ်ရည် လက် တခုပ်စာလောက်သာ သောက်၍ ကျင့်ခဲ့သည်။ ယင်းသို့ ကျင့်သည့် အတွက် နဂိုက ရွှေအဆင်းကဲ့သို့ ဝါဝင်း၍ ရှုချင်စဖွယ် ပြည့်ဖြိုးတင့် တယ်သော ခန္ဓာကိုယ်သည် မမှတ်မိနိုင်လောက်အောင်ပင် ပိန်ကျ သွားတော့သည်။ အသားအရေလည်း မဲသွား၍ အရိုးပေါ် အရေ တင်ရုံမျှသာ ကျန်တော့သည်။ ဘုရားအလောင်း ဒုက္ကရစရိယာ ကျင့် တော်မူနေဟန် ပုံတော်များကို မြင်ဖူးကြပေလိမ့်မည်။ ဘုရား အလောင်းတော်၏ ဖြစ်ပုံသည် ထိုပုံထက် သာ၍ဆိုးဖွယ်သာ ရှိလေ သည်။ လျော့မည်ကား မဟုတ်ပေ။

ဤမျှ အပင်ပန်းခံ၍ ကျင့်သော်လည်း မိမိလိုချင်သော မသေသည့် တရားကိုကား မတွေ့သေးပေ။ အမှန်အတိုင်း ဆိုရသော် ဝေးသထက်ဝေး၍သာ နေခဲ့လေသည်။ ဘုရားအလောင်း တရား ကျင့်နေသော တချိန်လုံးတွင်လည်း ဘုရားအလောင်း၏ လက္ခဏာ

ကို ဖတ်ခဲ့ကြသော ကောဏ္ဍညနှင့် သူ၏အဖော် လေးယောက်တို့လည်း ရသေ့လုပ်၍ ဘုရားအလောင်း အနီးမှာပင် ဘုရားအလောင်းကို ပြုစုရင်း ရှိခဲ့ကြလေသည်။ သူတို့ကား "ဒီပုဂ္ဂိုလ်ဟာ ဧကန္တ ဘုရားဖြစ်မှာပဲ။ သူဘုရားဖြစ်ရင် သူသိခဲ့တဲ့ တရားကို ငါ့ကို ဟောပြလိမ့်မယ်။ သူဟောတာကို နာပြီး သူရတဲ့ တရားကို ရအောင်လုပ်မယ်" ဆိုသည့် အကြံဖြင့်နေကြခြင်း ဖြစ်လေသည်။ ဘုရားအလောင်းအပြင်းအထန် အလွန်အမင်း ကျင့်နေစဉ်က ဆိုလျှင် သူတို့လည်း အလွန်အား တက်သရော ရှိကြပေမည်။

သို့သော်လည်း ဘုရားအလောင်းတော်ကား တကိုယ်တည်း စဉ်းစားမိသည်။ "ငါဟာ ဒီတရားကို ရဖို့ကျင့်လာတာလဲ ခြောက်နှစ်လောက် ရှိနေပြီ။ ပြီးတော့ ခန္ဓာကိုယ်ကို အပင်ပန်းခံပြီး ကျင့်ပါတယ်ဆိုတဲ့ လူတွေဟာလဲ ငါ့ထက်ပိုပြီး ဘယ်သူမျှ ကျင့်နိုင်မှာ မဟုတ်ဘူး။ ဒါနဲ့တောင် ဒီတရားထူးကို ငါမရသေးဘူးဆိုရင် ဒီကျင့်ပုံ နည်းလမ်းဟာ မမှန်လို့ဖြစ်ရမယ်။ ဒီငါလိုက်ခဲ့တဲ့လမ်းဟာ လမ်းမှားကြီးပဲ၊ လမ်းမှန်ကို တွေ့အောင်ရှာဦးမှ သင့်တော့မယ်။"

ဤသို့ ဆင်ခြင် စဉ်းစားသည့်အခါတွင် မိုးမှောင်ကျနေသော ညကြီးတွင် လျှပ်စစ် လက်လိုက်သလိုပင် မိမိငယ်စဉ် ခမည်းတော် မင်းကြီး လယ်ထွန်မင်္ဂလာပြုနေတုန်းအခါက ဇမ္ဗုသပြေပင်အောက်၌ ဝင်စားခဲ့ဖူးသော အာနာပါန ပဌမစျာန်ကို သွား၍သတိရမိသည်။ 'ငါဟာ အဲဒီ အာနာပါနစျာန်ကို ဝင်စားခဲ့ဖူးတယ်၊ အဲဒီစျာန်ဟာများ

လမ်းမှန်ဖြစ်လေမလား'ဟု ဆင်ခြင်လိုက်သောအခါ ထိုဈာန်သည်သာ လမ်းမှန်ဖြစ်သည်ဟု ဉာဏ်တော်တွင် ထင်မြင်လာလေသည်။ သို့ထင်မြင်လာသည့် အားလျော်စွာ ဤလမ်းမှန်ကိုပင် လိုက်ရန် စိတ်နှလုံး ဒုံးဒုံးချ ဆုံးဖြတ်လိုက်လေသည်။

ယင်းသို့ ဆုံးဖြတ်ပြီးသော်လည်း လက်ရှိ ခန္ဓာကိုယ်သည် အလွန်ပင်ပန်း၍ ပိန်ခြုံးနေရကား ဤအခြေအနေဖြင့် ဆက်လက်အားထုတ်နိုင်ရန် မဖြစ်၊ ခန္ဓာကိုယ်အားအင် ပြန်လည်ရရှိလာအောင် အာဟာရမှီဝဲမှတော်မည်ဟု အကြံတော်ဖြစ်ပြီး ဆွမ်းခံလျက် အာဟာရကို မှီဝဲတော်မူသည်။ ထိုသို့ အာဟာရကို ပြန်လည်မှီဝဲလိုက်သည် ဆိုလျှင်ပင် အနီး၌ အလုပ်အကျွေးပြုနေကြသော ရသေ့ငါးယောက်တို့သည် "တန်တော့- ရဟန်းဂေါတမတော့ တရားအားထုတ်ရာက လန်ကျပြီး အာဟာရတွေတောင် အများကြီးမှီဝဲနေပြီ၊ မျှော်လင့်ချက် မရှိတော့ဘူး" ဟု တွေးထင်၍ စိတ်ပျက်ကြပြီး ဘုရားအလောင်းကို စွန့်ပစ်လျက် အခြားအရပ်သို့ ထွက်သွားကြလေသည်။ ဘုရားအလောင်းလည်း အာဟာရမှီဝဲ၍ အားအင်ပြန်လည် ပြည့်လာတော့မှ ငယ်ငယ်က ဝင်စားခဲ့ဖူးသော အာနာပါန ပဌမဈာန်ကို အခြေပြု၍ တယောက်တည်း ကြိုးစားအားထုတ်လေရာ ကဆုန်လပြည့်နေ့ အရုဏ်တက်အချိန်မှာပင် မိမိမျှော်မှန်းလာခဲ့သော မသေတဲ့တရားကို တွေ့ပြီး အလုံးစုံသော တရားတို့ကို အမှန်အတိုင်း ဆရာမရှိဘဲ သိတော်မူတဲ့ သမ္မာသမ္ဗုဒ္ဓ ဘုရားစင်စစ် ဖြစ်တော်မူသွားလေသည်။

ထိုသို့ ဘုရားဖြစ်ပြီးနောက် ဘုရားဖြစ်ရာ နေရာမှာပင် တလကျော်ကျော်မျှ နေပြီးလျှင် တရားဟောရန် စဉ်းစားသောအခါ ဘုရားအလောင်းဘဝက ပဌမဆည်းကပ်ခဲ့ဖူးသော အာဠာရရသေ့နှင့် ဥဒကရသေ့တို့ ကွယ်လွန်ကြပြီး ဖြစ်ရကား မိမိအား ပြုစုခဲ့ကြ၍ အကျိုးများသော ရသေ့ငါးဦး (ပဥ္စဝဂ္ဂီ) တို့အား တရားဟောတော်မူရန် အကြံတော်ဖြစ်လေသည်။ ၎င်းတို့ငါးဦး ဘယ်မှာနေကြသည်ကို ဆင်ခြင်တော်မူရာ ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ နေကြကြောင်း သိတော်မူ၍ ၎င်းတို့အား တရားဦးကို ဟောပြတော်မူရန် ၁၈-ယူဇနာဝေးသော ၎င်းတို့ရှိရာ အရပ်သို့ ဘုရားရှင် ခရီးပြင်းနှင်၍ ကြွချီတော်မူလေသည်။

--x--x--x--

# အမှားလမ်းစဉ်

"ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ"

ဤသို့ ဟောတော်မူလိုက်သော ဘုရားရှင်၏ အသံတော်သည် ကောဏ္ဍညတို့ နေရာအရပ်မျှသာမက ဣသိပတန မိဂဒါဝုန်တော အလုံးနှင့်တကွ အထက်တွင် ဘဝဂ်, အောက်သို့ အဝီစိတိုင်အောင် ရောက်၍တသောင်းသော စကြဝဠာ လောကဓာတ်ကိုပင် ပြန့်နှံ့၍ သွားလေတော့သည်။ ထိုသို့ ပြန့်နှံ့၍ သွားမှသာလျှင် တဆယ့်ရှစ်ကုဋေမျှသော ဗြဟ္မာတို့လည်း တရားဦးကို နာကြရန် ဣသိပတန မိဂဒါဝုန်တောသို့ စုဝေးရောက်ရှိလာကြလေသည်။*

အထက်ပါအတိုင်း ဟောတော်မူလိုက်သော မြတ်စွာဘုရား၏ အသံတော်ကား ရှင်းလင်းပြတ်သားလှပေသည်။ စကားတလုံးနှင့်တလုံး ကွဲပြားပီသစွာ ထွက်၍ထွက်၍ လာရကား နာယူကြသူတို့အဖို့ သိလွယ်လှပေသည်။ ရှင်းလင်းပြတ်သား၍ သိလွယ်ရုံသာ မဟုတ်သေး။ အသံတော်မှာ အလွန်သာယာလှသည်ဖြစ်၍ နာပျော်ဖွယ်

* မဟာဝဂ္ဂ သံယုတ်အဋ္ဌကထာ၊ စာမျက်နှာ -၃၂၇ (ဆဋ္ဌမူ)နှင့် အညီတည်း။

လည်း ရှိသည်။ ထို့ပြင် အသံတော်သည် လုံးလုံးခဲခဲလည်း ရှိ၍ စေ့စပ်သည်။ ဖယိုဖရဲ ကျဲနေသလို မဟုတ်ပေ။ သည်သာမကသေး အသံတော်သည် နက်ရှိုင်းလှသည်။ နက်ရှိုင်း၍လည်း ပဲ့တင်ထပ်လျက် ရှိလေသည်။ ယင်းသို့လျှင် အသံ၏ ကောင်းခြင်းလက္ခဏာ အဖြာဖြာတို့နှင့် ပြည့်စုံလှ၍ ကြားနာရသူတို့အဖို့ နားတွင် ဆိမ့်၍ အိမ့်၍ သွားပေလိမ့်မည်။ "ဆီထိသော ဂွမ်းကဲ့သို့" ဆိုသော ဥပမာကို ကိုယ်တွေ့ကြုံ၍ သဘောကျသွားနိုင်ပေလိမ့်မည်။ အနက် အဓိပ္ပါယ်ကို နားမလည်သည့်တိုင်အောင် အသံတော်ကို ကြားရသည်နှင့်ပင် ကြည်ညိုမှုသဒ္ဓါနှင့် နှစ်သိမ့်မှု ပီတိတို့ တဖွားဖွားဖြစ်လောက်ပါပေသည်။ ဤကဲ့သို့ ထူးခြား ကောင်းမွန်သော အသံတော်ရှင် တပါးထံမှ နက်နဲသော တရားတော်များကို နာယူရသူတို့အဖို့ အဘယ်မှာ တင်းပြည့် ကျပ်ပြည့် အကျိုး မခံစားရဘဲ နေနိုင်ပါ မည်နည်း?။

ဘုရားရှင်သည် မိမိ၏တရားဦးကို အယုတ်တရား ၂-ပါး, သို့မဟုတ် အစွန်းတရား ၂-ပါး, သို့မဟုတ် အလွန်တရား ၂-ပါးကို ထုတ်ဖော်ခြင်းဖြင့် စလိုက်လေသည်။ လူ့အနှောင်အဖွဲ့တွေကို ဖြတ်တောက်၍ ရဟန်းအဖြစ်သို့ ကပ်ရောက်ပြီးသူတိုင်း ဤအလွန်တရား ၂-ခုကို မမှီဝဲအပ်၊ မပြုလုပ်အပ်။ ၎င်းလွန်နေသော လမ်းစဉ် ၂-ခုကို လိုက်လျှင် မိမိတို့ ရှာဖွေတောင့်တနေသော မသေတဲ့တရားကို တွေ့နိုင်မည်မဟုတ်ဟု ဟောတော်မူလိုရင်းပင် ဖြစ်ပေသည်။

လမ်းစဉ်မှား ၂-ခု

ငှင်းလွှန်နေသောလမ်းစဉ်မှား ၂-ခုဆိုသည်မှာလည်း အခြားမဟုတ် (၁) ကာမသုခလ္လိကာနုယောဂနှင့် (၂) အတ္တကိလမထာနုယောဂပင် ဖြစ်ပေသည်။ ထိုတွင် (၁) ကာမသုခလ္လိကာနုယောဂဆိုသည်မှာ ကာမဂုဏ်ချမ်းသာတို့၌သာ ကပ်ငြိတွယ်တာပြီး လိုက်စားသော အကျင့်ဖြစ်၏။ ထိုအကျင့်သည်လည်း ဟီနော- ယုတ်ညံ့လှသည်။ ဂမ္မော- လူဝတ်ကြောင်တို့၏ အကျင့်သာဖြစ်သည်၊ ပေါထုဇ္ဇနိကော- ပညာမျက်စိကန်း၍နေသော လူသာမာန်တို့၏ အကျင့်ဖြစ်သည်။ အနရိယော- စင်ကြယ်သန့်ရှင်း မြင့်မြတ်သော အကျင့်၊ အရိယာနွယ်ဝင် သူတော်စင်တို့၏ အကျင့် မဟုတ်ပေ။ အနတ္ထသံဟိတော-အကျိုးစီးပွား မရှိသောအလုပ်လည်း ဖြစ်ပေသည်။ (၂) အတ္တကိလမထာနုယောဂ ဆိုသည်မှာ- မိမိ၏ ခန္ဓာကိုယ်နှင့် စိတ်ကို ပင်ပန်းဆင်းရဲအောင် ပြုလုပ်ခြင်းပင် ဖြစ်၏။ ဤအကျင့်လည်း ဒုက္ခော- ဆူးပေါ်တွင် အိပ်ခြင်းစသည်ဖြင့် ဆင်းရဲနာကျင်လှသော အကျင့်ဖြစ်သည်။ အနရိယော- စင်ကြယ်သန့်ရှင်း မြင့်မြတ်သော အကျင့်၊ အရိယာနွယ်ဝင် သူတော်စင်တို့ လိုက်နာပြုလုပ်သောအကျင့်မဟုတ်။ အနတ္ထသံဟိတော- ဤအကျင့်လည်း အကျိုးရှိသောအကျင့်မဟုတ်ပေ။ သို့ဖြစ်၍ ဆိုခဲ့ပြီး လမ်းစဉ် ၂-ခုလုံးသည်ပင်အကျိုးမရှိ အချည်းနှီးသော လမ်းစဉ်များချည်း ဖြစ်ကြလေတော့သည်။ ဤသို့ အကျိုးမရှိသော လမ်းစဉ်ချည်း ဖြစ်၍ ဤလမ်းစဉ်မှား ၂-ခု ကို မလိုက်မိစေနှင့်ဟု ဆိုလိုပေသည်။

စဉ်းစားဖွယ်

ဤနေရာတွင် စဉ်းစားစရာ အကွက်ပေါ်လာသည်။ ဗုဒ္ဓရှင်တော်သည် အဘယ်ကြောင့် မိမိတရားဦး စလျှင်စချင်း ဤလမ်းစဉ်မှား ၂-ခုကို ထုတ်ဖော် မိန့်ကြားတော် မူသနည်း? ယင်းသို့ မိန့်ကြားတော်မူခြင်းသည် တရားဟောတော်မူသော ထိုအချိန်နှင့် ဘောင်ဝင်အံကျ ဖြစ်ပါ၏လော? ဤသို့ စဉ်းစားဖွယ် ပေါ်လာသည်။

ဤ အကြောင်းကို စဉ်းစားလိုလျှင် နောက်ကြောင်းကို အနည်းငယ်ပြန်၍ မျှော်ကြည့်ရပေမည်။ ဘုရားလောင်း ဖွားတော်မမူမီ ကာလမှစ၍ပင် ဘာသာရေး ဝါဒတွေ အတော်များများ ပေါ်ပေါက်ခဲ့လေရာ ထိုခေတ်တွင် လူသိအများဆုံးကား ဝါဒ ၂-ခုသာ ဖြစ်ခဲ့လေသည်။

ထိုတွင် ပဌမဝါဒကား လောကီချမ်းသာကို ခံစားသော ဝါဒဖြစ်သည်။ ဤဝါဒအရ "လူဆိုသည်မှာ လောကီချမ်းသာ ခံစားဖို့ မွေးလာခြင်း ဖြစ်သည်။ ထို့ကြောင့် လောကီချမ်းသာကို ရနိုင်သမျှ ခံစားရမည်။ လောကကြီးသည် ဆင်းရဲသည်၊ ဒုက္ခဘုံကြီးဖြစ်သည် စသည်ဖြင့် ကိုယ်မတတ်နိုင်သော ကိစ္စကို တွေး၍ ငြီးငြူနေဖွယ်မလို။ ဤလိုအတွေးများသည် လောကီစည်းစိမ် ခံစားရာတွင် အနှောင့်အယှက် မဖြစ်စေသင့်။ ကိုယ်အကျိုး ရှိမည်ဆိုလျှင် မိဖပင် ဖြစ်သော်လည်း သတ်နိုင်သည်။ မည်သည့် ကိစ္စကိုမဆို ကိုယ်အကျိုးရှိမည်ဆိုလျှင် လုပ်ရမည်။ ကုသိုလ် အကုသိုလ် ဆိုသည်တို့လည်း မရှိ။ တမလွန်ဘဝ စသည်လည်း မရှိ။ ဤ လက်ရှိ ခန္ဓာကိုယ်ကြီး သေသွား

လျှင် ကိစ္စပြီးတော့သည်၊ မီးရှို့၍ ပြာဖြစ်သွားသော ဤခန္ဓာကိုယ်ကြီးသည် အဘယ်မှာ နောက်တခါ ပြန်လာနိုင်မည်နည်း? သို့ဖြစ်၍ အနာဂတ်ဘဝဆိုသည်ကိုလည်း တွေးနေဖွယ် မလို၊ အခွင့်အရေးသာသည့်အခိုက်တွင် ကာမဂုဏ် ချမ်းသာကို အားရအောင် ခံစားရမည်" ဤသို့ စသည်ဖြင့် ဟောပြောကြလေသည်၊ ဤလမ်းစဉ်ကို မြတ်စွာဘုရားရှင်က "ကာမသုခလ္လိကာနုယောဂ-ဟု အမည်ပေးတော်မူသည်၊" ဤလမ်းစဉ်ကား ယခုခေတ် ရုပ်ဝါဒနှင့် ဆင်ဆင်တူသော 'စာရ်ဗာက' ဆရာ၏ လောကာယတ ဝါဒမျိုးပင် ဖြစ်သည်၊ ဤ ကာမဂုဏ်ချမ်းသာကို လိုက်စားသော လမ်းစဉ်ကို ဘုရားအလောင်းတော်သည် ၁၃-နှစ်တိုင်တိုင် လိုက်နာကျင့်သုံး ခံစားခဲ့ဖူးသည်ပင် ဖြစ်လေသည်၊

ဒုတိယဝါဒကား တမျိုးဆိုပြန်လေသည်၊ "လောကကြီးသည် ဆင်းရဲနှင့် ပြည့်နေသည်၊ ဤဆင်းရဲတွေ ပြည့်နေသော လောကမှ လွတ်ဖို့ဆိုသည်မှာ လွယ်ကူသော ကိစ္စမဟုတ်၊ ကာမဂုဏ်ချမ်းသာတွေကို ခံစားနေ၍ မဖြစ်နိုင်၊ မိမိခန္ဓာကိုယ်ကြီးကို နှိပ်စက်ပေးမှသာ ဖြစ်မည်၊ ခန္ဓာကိုယ်ကြီးကို နှိပ်စက်ပေးလျှင် မိမိအတွင်းသန္တာန်မှာရှိသော ကိလေသာတွေ ခန်းခြောက်သွားမည်။ ကိလေသာတွေ ကုန်မှလည်း ဆင်းရဲမှ လွတ်မြောက်နိုင်မည်၊ သို့ဖြစ်၍ နေခြစ်ခြစ်တောက်ပူနေသောအခါတွင် မီးပုံ ၄-ပုံ၏ အလယ်မှာ နေရမည်၊ ခန္ဓာကိုယ်ကြီး နာကျင်နေလျှင် လောဘ စတဲ့ ကိလေသာတွေ မဖြစ်နိုင်၊ ထို့ကြောင့် ဆူးပေါ်မှာအိပ်ရမည်၊ ဤမျှသာ မကသေး အလိုနည်းသထက်နည်းအောင် ခွေးလို၊ နွားလိုလည်း နေရမည်" ဤသို့ စသည်ဖြင့် ခန္ဓာကိုယ်ကို နှိပ်စက်ဖို့ရန်သာ ဟောပြောကြလေသည်၊ ဤ

အကျင့်ကား ယခုခေတ် ဟိန္ဒူယောဂီတွေ အကျင့်နှင့် တူသည်။ ဤလမ်းစဉ်ကိုကား ရှင်တော်မြတ်ဘုရားက "အတ္တကိလမထာနုယောဂ" ဟု အမည်ပေးတော်မူသည်။ ဤလမ်းစဉ်ကိုလည်း ဘုရားအလောင်းတော်သည် ခြောက်နှစ်ပတ်လုံး လိုက်နာကျင့်ကြံခဲ့လေသည်။

အထက်ဆိုခဲ့ပြီး လမ်းစဉ် ၂-ခုကို ခြုံကြည့်လျှင် ၂-ခုလုံးပင် အနရိယော၊ အနတ္ထ သံဟိတော-ချည်း ဖြစ်၍ သူတော်စင်တို့၏ မွန်မြတ်သော လုပ်ငန်းမဟုတ်သည်ကို လည်းကောင်း၊ အကျိုးမရှိသော လုပ်ငန်းများသာ ဖြစ်သည်ကို လည်းကောင်း တွေ့ရပေသည်။ ဤလမ်းစဉ် ၂-ခုကို ကိုယ်တော်တိုင် လိုက်နာကျင့်ကြံ ခဲ့ဖူး၍လည်း ဤလမ်းစဉ်များ ၂-ခု၏ အကျိုးမရှိပုံ, အသုံးမကျပုံကို ကျကျနနကြီး သိတော်မူခြင်း ဖြစ်ပေသည်။ ဘုရားအဖြစ်သို့ ရောက်တော်မူစက ဆိုလျှင် "ငါသည် ဤ အကျိုးမရှိလှသော ဒုက္ကရစရိယာ အကျင့်မှ အလွတ်ကြီး လွတ်လေပြီတကား" ဟုပင် စိတ်အကြံတော် ဖြစ်ခဲ့ဖူးသည်။* ဘုရားဖြစ်တော်မူစအခါဖြစ်၍ ဒုတိယဖြစ်သော အတ္တကိလမထ လမ်းစဉ်၏ အကျိုးမရှိပုံက ပို၍ ထင်ရှားနေပေမည်။

သို့ဖြစ်လေရာ ယခုကဲ့သို့ လမ်းစဉ်မှားကြီး ၂-ခုကို လိုက်ပြီးမှ လမ်းမှန်ကို တွေ့ရှိ၍ တရားထူးရပြီးခါစဖြစ်သော ဘုရားရှင်သည် တရားဟောလျှင် ဘာကိုဟောပေမည်နည်း? " ငါတော့ ဒီလမ်းစဉ်မှားကြီး ၂-ခုကို လိုက်ခဲ့မိလို့ ငါလိုချင်တဲ့ တရားနဲ့ ဝေးခဲ့ဖူးသေးတယ်။ သင်တို့လဲ တရားထူးကို လိုချင်ရင် ဒီလမ်းစဉ်မှားကြီးတွေကို မလိုက်မိစေနဲ့" ဟု ဟောမည်မှာ ဧကန်ပင်ဖြစ်သည်။

---

* သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ မာရသံယုတ် ၁၀၄- (ဆဋ္ဌမူ)

ယင်းသို့ ဟောခြင်းသည် သဘာဝလဲကျပေသည်။ လမ်းစဉ်မှားကို လိုက်ခဲ့ပြီးမှ လမ်းမှန်ကို တွေ့ခဲ့သော မည်သူပင်မဆို အခြားသူတွေကို လမ်းမှာ မလိုက်မိဘဲ လမ်းမှန်လိုက်ဖို့ ပဌမဦးဆုံး ပြောမည်မှာ ဧကန်ပင် မဟုတ်ပါလော? သို့ကြောင့်လည်း ဘုရားရှင်သည် တရားဦးဒေသနာ အစတွင် ဤလမ်းစဉ် ၂-ခု၏ မှားယွင်းပုံ၊ အသုံးမကျပုံတို့ကို ဟောတော်မူခြင်း ဖြစ်ပေသည်။

ယင်းသို့ လမ်းစဉ်မှာ ၂-ခုအကြောင်းကို ကြားကြရလျှင် တရားနာနေသော ကောဏ္ဍညတို့စိတ်တွင် ဤသို့ တွေးမိနေပေလိမ့်မည်။ "ဩော်-- ငါတို့ အထင်ကြီးနေတဲ့ ခန္ဓာကိုယ်ကို ညှဉ်းဆဲနည်းဖြစ်တဲ့ အကျင့်တွေဟာ အကျိုးမရှိဘူးဆိုပါကလား။ ဒါကြောင့်လဲ သိဒ္ဓတ္ထဂေါတမဟာ အဲဒီအကျင့်ကို စွန့်ပြီး အာဟာရပြန်ပြီး မှီဝဲတာကိုး။ အဲဒီအကျင့်ကို စွန့်ခဲ့လို့ ဘုရားဖြစ်လာတာ ထောက်လျှင် အဲဒီအကျင့်ဟာ ဧကန်လမ်းမှားကြီးပဲ။ ဒီဂေါတမဗုဒ္ဓကို အမှီပြုပြီး ငါတို့လဲ ဒီလမ်းစဉ်ရဲ့ မှားပုံကို သိကြရပေပြီ" ဟု ကြံလျက် စိတ်ထဲတွင် ကြည်ညိုမှု နှစ်သိမ့်မှုတွေ တဖွားဖွား ဖြစ်ပေါ်၍ နေပေလိမ့်မည်။ နှစ်သိမ့်မှုဆိုသည်မှာလည်း ပီတိပင်ဖြစ်ပေသည်။ ယင်းသို့ တရားနှင့် ပတ်သက်သော ပီတိဖြစ်ပေါ်လာလျှင် ၄င်းပီတိကိုပင် အခြေခံပြု၍ တရားထူးကို ရနိုင်လေတော့သည်။ ပဥ္စဝဂ္ဂီငါးဦးတို့အား တရားထူးရဖို့ရာ လမ်းစပေါ်၍ နေပေပြီ။

ဤကဲ့သို့ လမ်းစဉ်မှား ၂-ခုကို ဟောတော်မူပြီးသည့်နောက်တွင် တဆက်တည်းပင် ကိုယ်တော်မြတ် ကိုယ်တိုင် ဆရာမရှိဘဲ ကိုယ့်ကိုယ်ကို အားကိုးရှာဖွေတွေ့ရှိပြီး စမ်းသပ်အောင်မြင်ခဲ့သော လမ်းစဉ်မှန်ကို ထုတ်ဖော်ဟောပြတော်မူသည်။

## လမ်းစဉ်မှန်

ဆိုခဲ့ပြီး လမ်းစဉ် ၂-ခုကိုကြည့်လျှင် ၎င်းတို့သည် တခုနှင့် တခု ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသည်ကို တွေ့ရပေမည်။ ကိုယ့်နယ်နှင့်ကိုယ် အဆုံးစွန် အစွန်းသို့ ရောက်နေကြသော ဝါဒများလည်းဖြစ်, တရားလွန်ဖြစ်နေသော ဝါဒများလည်း ဖြစ်ပေသည်။ ဘုရားရှင်၏ လမ်းစဉ်မှန်သည်ကား ထိုလမ်းစဉ်မှား ၂-ခုသို့ မလိုက်ဘဲ ၎င်းတို့၏ အလယ်မှာနေသော လမ်းစဉ် ဖြစ်ပေည်။ ပဌမလမ်းစဉ်ကဲ့သို့ ကာမချမ်းသာ ခံစားမှုနောက်သို့လည်း မလိုက်၊ ဒုတိယလမ်းစဉ်၏ ခန္ဓာကိုယ်ကို အလွန်ညှဉ်းဆဲသော နည်းများကိုလည်း မသုံးဘဲ အလယ်အလတ်ကျကျ ကျင့်ကြံလိုက်နာရသော ဝါဒပင် ဖြစ်ပေသည်။ ဤအလယ် အလတ်ကျသော ဝါဒလမ်းစဉ်ကိုပင် ပါဠိလို " မဇ္ဈိမပဋိပဒါ" ဟူ၍ သမုတ်တော်မူလိုက်လေသည်။

ထိုမဇ္ဈိမပဋိပဒါ ခေါ်သော အလယ် အလတ် လမ်းစဉ်သည်ကား - ပညာမျက်စိ အမြင်ရှိအောင်လည်း ပြုတတ်သည်။ အသိဉာဏ်အမြင်ရှိအောင်လည်း ပြုတတ်သည်။ ကိလေသာအပူတွေ ငြိမ်းအေးဖို့လည်း ဖြစ်သည်။ သစ္စာလေးပါး တရားထူးကို ထူးသောဉာဏ်အမြင်ဖြင့် သိမြင်ဖို့ရန်လည်း ဖြစ်သည်။ ၎င်းတရားထူးကိုပင် အမှန်အတိုင်း သိမြင်ဖို့ရန်လည်း ဖြစ်သည်။ နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ရန်လည်း ဖြစ်ပေသည်။ "ပညာမျက်စိ ဉာဏ်အမြင်ကို လိုချင်လျှင်,

မိမိရဲ့ကိုယ်တွင်းမှာ ရှိနေတဲ့ ကိလေသာအပူတွေ အပြီးသတ် ငြိမ်းအေးသွားစေချင်လျှင် တရားထူးကို ထိုးထွင်း၍ သိမြင်ချင်လျှင် ငါကိုယ်တော်တိုင် တွေ့ရှိစမ်းသပ်၍ အောင်မြင်ထားသည့် အလယ်အလတ် လမ်းစဉ်ဖြစ်သော 'မဇ္ဈိမပဋိပဒါ'ကို လိုက်နာကျင့်ကြံကြလေ" ဟု ဆိုလိုရင်း ဖြစ်ပေသည်။

ယင်း မဇ္ဈိမပဋိပဒါ အလယ်အလတ် လမ်းစဉ်ဆိုသည်မှာ အဘယ်နည်းဟူမူ-

အမြင်မှန်ရအောင် အားထုတ်ခြင်း၊
ကောင်းမြတ်သော ကုသိုလ်အကြံအစည်များကိုသာ ကြံစည်ခြင်း၊
ကောင်းမြတ်သော စကားကိုသာ ပြောဆိုခြင်း၊
ကောင်းသော အပြုအမူတို့ကိုသာ ပြုခြင်း၊
အပြစ်မရှိ စင်ကြယ်သော အသက်မွေးမှုဖြင့် အသက်မွေးခြင်း၊
မှန်ကန်ကောင်းမြတ်သော အားထုတ်မှုကိုသာ ပြုလုပ်ခြင်း၊
မှန်ကန်သော အမှတ်ရမှု သတိပြုမှုကို ပြုလုပ်ခြင်း၊
မှန်ကန်သော စိတ်၏တည်ကြည်မှု သမာဓိဖြစ်အောင် ကြိုးစားခြင်း-

ဤရှစ်မျိုးပင် ဖြစ်သည်။

ဤရှစ်မျိုးကို မိမိအတွင်းသန္တာန်မှာ ဖြစ်ပေါ်နေအောင် ကျင့်ကြံနေထိုင်လျှင် ဤအလယ်အလတ်ဖြစ်သော မဇ္ဈိမပဋိပဒါ လမ်းစဉ်ကို လိုက်နေသည် မည်တော့သည်။ ထို့ကြောင့် မဇ္ဈိမပဋိပဒါ လမ်းစဉ် (ဝါ) ဗုဒ္ဓရှင်တော်၏ မှန်ကန်သည့်လမ်းစဉ်ကို လိုက်လိုသော အမျိုးသား အမျိုးသမီးတို့သည် ဆိုခဲ့ပြီးသော အလုပ်ရှစ်မျိုးကို တတ်နိုင်သလောက် ကြိုးစားအားထုတ် ပြုလုပ်ကြရပေမည်။

သစ္စာ ၄-ပါးဟောရပုံ

ဆိုခဲ့ပြီးသော မဇ္ဈိမပဋိပဒါ လုပ်ငန်းစဉ် ရှစ်မျိုးတို့တွင် ပဌမဖြစ်သော အမြင်မှန်ရဖို့ အားထုတ်ခြင်းဆိုရာဝယ် ဘယ်ကဲ့သို့ မြင်ခြင်းမျိုးကို အမြင်မှန်ဟု ခေါ်သနည်း? သို့မဟုတ် ဘယ်ဟာကို မြင်ခြင်းကို အမြင်မှန်ဟု ခေါ်သနည်း? ဟု စဉ်းစားစရာ ရှိလာပြန်သည်။ ၎င်းစဉ်းစားစရာကို ဖြေသည့်သဘောဖြင့် " ဤတရားတွေကို ကျကျနန ပိုင်ပိုင်နိုင်နိုင် ရှင်းရှင်းလင်းလင်း သိမြင်နားလည်တာမျိုးကို အမြင်မှန်ခေါ်သည်" ဟု ပြဖို့ရာဘုရားရှင်သည် မဇ္ဈိမပဋိပဒါကို ထုတ်ဖော်အပြီးတွင် သစ္စာလေးပါးကို ဆက်လက်၍ တရားဦးတွင် ဟောပြတော်မူပြန်သည်။

ထိုစကား မှန်၏။ ဗုဒ္ဓရှင်တော်သည် တရားဦးတွင် မဇ္ဈိမပဋိပဒါလမ်းစဉ်ကိုသာ ဟောပြ၍ သစ္စာ ၄-ပါးကို မဟောခဲ့သော် ယင်းတရားဦးသည် ဗုဒ္ဓ၏ဝါဒကို ပြည့်ပြည့်စုံစုံ ဖော်ပြသည်ဟု

မဆိုနိုင်ပေ။ တရားဦးဆိုသည်မှာလည်း ဝါဒကျေညာချက် တမျိုးပင် ဖြစ်၍ မိမိ၏ဝါဒ အပြည့်အစုံ ပါရှိသင့်ပေသည်။ သို့ဖြစ်၍ မိမိ၏ ဝါဒကို အပြည့်အစုံ ဖော်ပြရန်လည်း တရားဦးဒေသနာတွင် သစ္စာ ၄-ပါးကို ထည့်သွင်းဟောပြောတော်မူသည်။

'သိဒ္ဓတ္ထဂေါတမသည် သူအလိုရှိသော တရားထူးကို တွေ့ခဲ့ပြီဟု ဆိုသည်။ ယင်းတရားထူးဟူသည် အဘယ်ဟာပေနည်း' ဟု တရားနာ ပရိသတ်ဖြစ်သော ပဉ္စဝဂ္ဂီ ၅-ဦးတို့သည် သိလိုကြပေလိမ့်မည်။ သို့ဖြစ်၍ ၎င်းတို့အား " ငါတွေ့ရှိခဲ့သော တရားထူးဟူသည် ဤဟာတို့ပင်တည်း" ဟု တရားထူးကို ထင်ထင်ရှားရှား သိမြင်အောင် ပြခြင်းငှါလည်း တရားဦးဒေသနာတွင် သစ္စာ ၄-ပါးကို ထည့်သွင်းဟောတော်မူသည်။

လောကတွင် ဝါဒသစ်ကို တီထွင်ကြသော ပုဂ္ဂိုလ်တို့သည် မိမိတို့ဝါဒကို လိုက်နာလျှင် ရမည့်အကျိုးတရားများကို ကျေညာချက်တွင် ဖော်ပြကြရလေသည်။ သို့မှလည်း မိမိ၏ ဝါဒသစ်ကို လိုက်နာချင်ကြပေလိမ့်မည်။ ထို့အတူပင် ဗုဒ္ဓဘာသာ ဟူသော ဝါဒသစ်ကို ထူထောင်တော်မူသော ဘုရားရှင်သည်လည်း မိမိ၏ မဇ္ဈိမပဋိပဒါ ဟူသော ဝါဒလမ်းစဉ်ကို လိုက်နာလျှင် ဤသို့သော အကျိုးများကို ရမည်ဟု ရရှိမည့်အကျိုးတရားကို ပြည့်ပြည့်စုံစုံ ဖော်ပြလို၍လည်း တရားဦးတွင် သစ္စာ ၄-ပါးကို ထည့်သွင်းဟောပြတော်မူပေသည်။

# ဆင်းရဲအမှန်တရား

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယံ ပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဥ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။

ဘုရားရှင်သည် လောကမှ ထွက်မြောက်မှုကို ရှာရာ၌ အလွန် သဘာဝကျသောနည်းကို ညွှန်ပြထားပေသည်။ ဤလောကကြီးသည် ဘာဆိုသည်ကို မသိဘဲ လောကကြီးမှ ထွက်မြောက်ရာကို ရှာသည် ဆိုလျှင် ရယ်ဖွယ်သာ ဖြစ်ပေမည်။ ထို့ကြောင့် လောကကြီးမှ ထွက် မြောက်ရာကို မရှာမီ ဤလောကကြီးသည် ဘာဖြစ်သည်ဆိုသည်ကို ရှေးဦးစွာ နားလည်အောင် စစ်ဆေးကြည့်ရှုရပေလိမ့်မည်။ ရှင်တော် ဘုရားသည် သက်ရှိ, သက်မဲ့နှင့်တကွသော အလုံးစုံသော လောက ကြီးကို ကိုယ်တော်၏ ဉာဏ်တော်ဖြင့် သေချာစွာ စစ်ဆေး ကြည့်ရှု လိုက်သောအခါ ဤလောကကြီးသည် ဒုက္ခတုံးကြီးသာ ဖြစ်သည်ဆို သော အချက်ကို ကျကျနနကြီး သိမြင်တော်မူလာသည်။ လောကကြီး ၏ အများဆိုင် အကျဉ်းချုပ်တရားကို ထုတ်ကြည့်သော အခါ 'ဒုက္ခ' ဆိုသော အဖြေတခုတည်း ထွက်လာသည်။ လောကကြီးတွင် ပျော်

ရွှင်စရာ သာယာစရာကောင်းသည်ဟု ထင်ရသော အပျော်အပါး အာရုံများသည် တကယ်စစ်ကြည့်သောအခါ ချမ်းသာမဟုတ်ဘဲ ဆင်းရဲတရားတွေချည်း၊ ဒုက္ခတရားတွေချည်း ဖြစ်သည်ကို အမှန် အတိုင်း သိမြင်၍ လာလေသည်။

ဤကဲ့သို့ သဘောမှန်အတိုင်း ကြည့်လျှင် ဆင်းရဲတုံး အတိသာဖြစ်သော တရားများကိုပင် ဗုဒ္ဓ ရှင်တော်က " ဒုက္ခသစ္စာ (- ဆင်းရဲခြင်း အမှန်တရား)" ဟု အမည် တပ်တော်မူလိုက်သည်။ သို့ဖြစ်၍ ဤဒုက္ခသစ္စာဟူသော ဝါဒသည် အမှန်အားဖြင့် ဆိုရမူ ဂေါတမဗုဒ္ဓ၏ ကမ္ဘာ့အမြင်ပင် ဖြစ်တော့သည်။ မှန်၏။ ဘုရားရှင် သည် သက်ရှိ သက်မဲ့ ကမ္ဘာကြီး တခုံးလုံးကို 'ဒုက္ခ ဆင်းရဲ' အနေဖြင့် သာ မြင်တော်မူသည်။

လောကကြီးသည် ဆင်းရဲတရားတွေနှင့် ပြည့်နေသည်ဟု ဆိုရာ အဘယ်တရားများသည် ဆင်းရဲတရားများ ဖြစ်ကြသနည်း?

## အိုခြင်းဆင်းရဲ

သတ္တဝါတွေသည် နေ့ရှိသည်နှင့်အမျှ အို၍နေကြရသည်။ ငယ်စဉ်ကကဲ့သို့ တက်ကြွ ပြည့်ဖြိုးသော ရုပ်များလည်း တဖြည်း ဖြည်း ပျောက်ကွယ်၍ လာသည်။ မျက်စိများလည်း မှုန်လာ၍ မျက်မှန်ကိုပင် အားကိုးကြရသည်။ သွားများလည်း ငယ်စဉ်ကလို မဟုတ်၍မာသောအစားအစာများကို မကိုက်နိုင်တော့။ နားသည်ပင်

ရှေးကလို မဖျတ်လတ်တော့ဘဲ ထိုင်းချင်သလိုလို ရှိလာခဲ့လေပြီ။ မည်သည့် အလုပ်ကို လုပ်သည်ဖြစ်စေ အားရှိပါးရှိ မလုပ်နိုင်တော့။ စိတ်သွားသော်လည်း ကိုယ်ကမပါတော့ပေ။ ငယ်ငယ်ကလိုပင် သန်သန်မာမာ, သွက်သွက်လက်လက် လုပ်နိုင်ကိုင်နိုင် ဖြစ်လိုကြသည်။ မျက်နှာတွင်လည်း ရှေးကလို ချောမွေ့ တင်းမာ၍ လှပသော အရေအသားတို့သာ ရှိစေချင်ကြသည်။ သို့သော် အိုမင်းရင့်ရော်ခြင်း၏ ဒဏ်ကြောင့် အရေများတွန့်၍လာသည်ကို မခံချင်ဘဲနှင့် ခံ၍ နေကြရသည်။ ဆံပင်ဖြူလာသော သူများကလည်း လူမြင်မည် စိုး၍ ဆေးများဖြင့် ဆိုးကြရသည်။ သို့သော် ခေတ္တခဏသာခံ၍ ဖြူမြဲပင် ဖြူလာပြန်တော့သည်။

ဤသို့ စသည်ဖြင့် မိမိတို့ မကြိုက်နိုင်သော ပြောင်းလဲချက်တို့သည် အသက်ကြီးလာလေ ထင်ရှားလာလေ ဖြစ်ကြသည်။ ယင်းသို့လျှင် မအိုချင်ဘဲနှင့် အိုနေကြရခြင်းသည် ချမ်းသာလော ဆင်းရဲလောဟု စစ်ကြည့်လျှင် 'ဆင်းရဲ' ဟူသော အဖြေသာ ဧကန်မုချ ထွက်လာပေမည်။ အမှန်အတိုင်း ဆိုရလျှင် လူ့တဘဝ လုံးတွင် မွေးသည့်အချိန်မှစ၍ သေသည့်အချိန်အထိ ဤဇရာခေါ် သော အိုမင်းရင့်ရော်မှု၏ ဒဏ်ကို နာရီမလပ် မိနစ်မခြား အလူး အလှိမ့်ခံ၍ နေကြရသည်။ သို့ဖြစ်၍ အိုမင်းခြင်း ဇရာသည် 'ဒုက္ခ ဆင်းရဲ' ဟု နားလည်လျှင်· တဘဝလုံးလည်း ဒုက္ခတရား ဆင်းရဲတရားသာ ဖြစ်သည်ဆိုသည်ကိုလည်း လွယ်ကူစွာ သဘောပေါက်ပေမည်။

## နာခြင်းဆင်းရဲ

ထို့ပြင် တသက်တာအချိန်တွင် အမြဲတမ်း ကျန်းမာနေသည်ဟူ၍ မရှိနိုင်ပေ။ ဓာတ်လေးပါး ဖောက်ပြန်မှုကြောင့် ဖြစ်စေ၊ အခြားအကြောင်းများကြောင့် ဖြစ်စေ ဖျားနာမှု အနာရောဂါတို့နှင့်လည်း တချိန်မတွေ့ တချိန်တွေ့ကြရမည်မှာ သေချာလှသည်။ သာမန်ဖျားနာမှုမျိုးမှာ ခေတ္တခဏသာဖြစ်၍ မဆိုးလှသော်လည်း အချို့သောရောဂါတို့မှာကား တသက်လုံး လူစဉ်မမီအောင် နှိပ်စက်တတ်၍ထို့ထက်ဆိုးသော ရောဂါများမှာ အသက်ကိုပင် ရန်ရှာတတ်ပေသည်။ ဤအနာရောဂါမျိုးကိုလည်း မည်သူမျှ အလိုရှိမည် မဟုတ်ပေ။ ယင်းသို့ မိမိတို့ မလိုချင်သော၊ ကြောက်ရွံ့သော၊ ရွံရှာသော၊ မုန်းသော အနာရောဂါတို့နှင့် တွေ့ရခြင်းသည်လည်း ဘဝက ပေးသော ဆင်းရဲဒုက္ခတရား အစစ်ပင် ဖြစ်တော့သည်။

## သေခြင်းဆင်းရဲ

ဤသို့ ဆိုခဲ့ပြီးအတိုင်း ဘဝကြီးသည် ဇရာ, ဗျာဓိ ခေါ်သော အိုခြင်း, နာခြင်းဟူသော ဆင်းရဲတရားတို့နှင့် ပြည့်နေသည်ဆိုသော်လည်း ပုပုရွရွ သတ္တဝါမှန်သမျှသည် မိမိတို့၏ ဘဝကိုကား နှစ်သက်ကြသည်။ ခင်တွယ်ကြသည်။ ဤဘဝမှ သေသွားရမည်ကို အလွန်ကြောက်ကြသည်။ သေမည်စိုး၍လည်း မသေနိုင်မည့်နည်းလမ်းများ, သေရသည်တိုင်အောင် တတ်နိုင်သမျှ သေခြင်းတရားကို ဆိုင်းထား

နိုင်သည့် အသက်ရှည်ဆေးများကို ရှာကြံမှီဝဲကြရသည်။ သို့သော်လည်း သေခြင်းတရားကား သူ့အချိန်တန်လျှင် ဘယ်လိုမှ တားမြစ်ရမည် မဟုတ်၊ တန်စိုးလက်ဆောင်များ ပေး၍ မလာနှင့်ဦး ဆိုသော်လည်း တန်စိုးလက်ဆောင်၏ မျက်နှာကို ထောက်မည် မဟုတ်ပေ။ ယင်းသို့လျှင် မိမိတို့ ခင်တွယ်လှသော ဘဝကို စွန့်ခွာသွားရခြင်းဟူသည်ကား တဘဝတွင် အကြီးကျယ်ဆုံး ဆင်းရဲပင် ဖြစ်တော့သည်။

## ပဋိသန္ဓေနေရခြင်းဆင်းရဲ

အထက်၌ ပြခဲ့သော အိုခြင်းဒုက္ခ, နာခြင်းဒုက္ခ, သေခြင်းဒုက္ခ တို့ကို သတ္တဝါတွေ အဘယ်ကြောင့် ခံစားကြရသနည်းဟု စဉ်းစားကြည့်သော် လူ့ဘဝ၌ လူ၏အို, နာ, သေ ဒုက္ခများကို ခံစားရခြင်းသည် လူဖြစ်လာသောကြောင့်ပင် ဖြစ်သည်။ ထို့အတူပင် တိရစ္ဆာန်၏ အို နာ သေ ဒုက္ခများကို ခံစားရခြင်းလည်း တိရစ္ဆာန်ဖြစ်လာသောကြောင့်ပင် ဖြစ်သည်။ နတ်ပြဟ္မာတို့၏ အိုခြင်း, သေခြင်း ဒုက္ခကိုလည်း နတ်ပြဟ္မာ ဖြစ်လာသောကြောင့်သာ ခံစားရသည်။

သို့ဖြစ်ရာ ဤကဲ့သို့ အို, နာ, သေ ဒုက္ခတွေကို ခံစားနေရခြင်း၏ လက်သည်ကို ရှာလျှင် လူ့ဘဝ, တိရစ္ဆာန်ဘဝ, နတ်ပြဟ္မာဘဝကိုပင် တွေ့ရသည်။ လူ့ပြည်မှာ ပဋိသန္ဓေနေ၍ လူဖြစ်လာသောကြောင့် လူ့ဆင်းရဲကို ခံစားရသည်ဖြစ်ရကား လူ့ပဋိသန္ဓေသည် လာလတ္တံ့ အို, နာ, သေ ဆင်းရဲတို့၏ အကြောင်း 'လက်သည်'ဖြစ်၍ သူလည်း ဆင်းရဲတရားပင် ဖြစ်တော့သည်။

ထို့ပြင် အမိဝမ်းတွင်း၌ နေရစဉ် တွေ့ကြုံခံစားကြရသော ဒုက္ခများကို စဉ်းစားကြည့်လျှင်လည်း ပဋိသန္ဓေ နေရခြင်း၏ ဆင်းရဲပုံကို သိမြင်လာနိုင်ပေသည်။ တိရစ္ဆာန်ဘဝ စသည်ကိုလည်း ထိုက်သလို စဉ်းစား၍ သိရာ၏။ ထို့ကြောင့် ပဋိသန္ဓေနေရခြင်းသည်လည်း ဆင်းရဲတရားပင် ဖြစ်လေတော့သည်။

မချစ်သူတို့နှင့် အတူနေရခြင်းဆင်းရဲ

ရံဖန်ရံခါတွင် လူတို့သည် မိမိမချစ်မနှစ်သက်သော သူတို့နှင့် အတူနေရသော အခါမျိုးလည်း ကြုံတတ်၏။ 'မတဲ့ အတူတူနေ' ဟူသော စကားပုံအတိုင်း မတဲ့သောသူနှင့်မှ အတူနေရသော အတွေ့အကြုံများကို တွေ့ဖူးကြပေမည်။ ထိုအခါ မည်မျှ စိတ်ဆင်းရဲရသည်ကို အထူးပြောဖွယ် လိုမည်မထင်။

ချစ်သူတို့နှင့် ကွေကွင်းရခြင်း ဆင်းရဲ

တခါတရံ ကျတော့လည်း ချစ်သောသူတို့နှင့် ကွေကွင်းရခြင်းမျိုးကို တွေ့ကြုံရသည်။ ကွေကွင်းဟူသည်၌ အတူမနေရသော ကွေကွင်းခြင်း မျိုးလည်း ရှိသည်။ သေကွဲ ကွဲရသော ကွေကွင်းခြင်းမျိုးလည်း ရှိလေသည်။ မည်သို့ပင် ဖြစ်စေ မိမိတို့ ချစ်နှစ်သက်သော သူတို့နှင့် အတူမနေရခြင်း၊ ကွဲကွာခြင်း ဟူသည် စပ်ခါးပြင်းထန်

အခံရခက်လှသော ဆင်းရဲပင် ဖြစ်တော့သည်။ မိမိတို့နှစ်သက်သော ပစ္စည်းဥစ္စာတို့ ပျောက်ဆုံးရာ၌လည်း နည်းတူပင် ဖြစ်ပေသည်။

လိုသည်ကို မရခြင်း ဆင်းရဲ

လောကတွင် လူရယ်လို့ ဖြစ်လာကြလျှင် ကောင်းတာကလေးများကို တွေ့ကြုံခံစားချင်ကြသည်မှာ လူ့ဓမ္မတာပင် ဖြစ်သည်။ အိမ်ကောင်းကောင်းမှာ နေချင်သည်။ အဝတ်အစား အဆင်အပြင်လည်း အကောင်းစားများကိုမှ သုံးလိုသည်၊ စိန်ရွှေ လိုချင်သည်၊ မော်တော်ကား ပိုင်ချင်သည် စသည်ဖြင့် အလိုတို့သည် အတောမသတ်အောင် ရှိတော့သည်။ ဆင်းရဲသောသူလည်း ဆင်းရဲသည့်အလိုက်, ချမ်းသာသော သူလည်း ချမ်းသာသည့်အလိုက် တောင့်တလိုချင်သော ပစ္စည်းများရှိကြသည်။ မိမိတို့ လိုချင်သော ပစ္စည်းကို ရလျှင်ကား ကျေနပ်ကြသည်၊ ဝမ်းသာကြသည်၊ မျက်တပြုံးပြုံး ဖြစ်ကြသည်။ သို့သော် မရလျှင်ကား ဝမ်းနည်းကြသည်၊ စိတ်မကောင်း ဖြစ်ကြသည်၊ ပူဆွေးကြသည်။ လိုချင်သောစိတ်ပြင်းပြမှုအနည်းအများကို လိုက်၍ ဝမ်းနည်းမှု အနည်းအများ ဖြစ်ကြရသည်၊ စိတ်ဆင်းရဲမှု အကြီးအငယ် ဖြစ်ကြရသည်။ သို့ကြောင့် လိုချင်တာကို မရခြင်းသည်လည်း ဆင်းရဲတရား တခုပင်ဖြစ်ကြောင်း ထင်ရှားလှပေတော့သည်။

ဤ ဆင်းရဲမှုကား အကြမ်းစားမျှသာ ဖြစ်သေးသည်။ ပဋိသန္ဓေ နေရခြင်း, အိုရခြင်း, နာရခြင်း, သေရခြင်းတို့ဖြင့် နှိပ်စက်ခံနေရသော သတ္တဝါတို့အား "ငါတို့သည် နောင်တဖန် ပဋိသန္ဓေ မနေရလျှင်, မအို-မနာ မသေရလျှင် ကောင်းလေစွ" ဟု တောင့်တမိကြပေမည်။ ယင်းသို့ တောင့်တသော်လည်း မိမိတို့ တောင့်တတိုင်း မရနိုင်ခြင်းသည်လည်း ဆင်းရဲခြင်း တရားပင်ဖြစ်တော့သည်။

ဤပြဆိုခဲ့ပြီးသော ဆင်းရဲတရားတို့ကား မည်သူမျှ မငြင်းဆိုနိုင်သော ဆင်းရဲတရားတို့သာ ဖြစ်သည်။ ယင်း ဆင်းရဲတရားတို့ကို ဆင်းရဲမဟုတ်ပါဟု မည်သူမျှ မငြင်းနိုင်ပေ။ မှန်ပါပေသည်ဟု လူတိုင်း ဝန်ခံရသော တရားသာ ဖြစ်ပေသည်။

အကျဉ်းချုပ်ဖြင့်ကား စာရေးသူ စာဖတ်သူတို့၏ ခန္ဓာကိုယ်ကြီး တခုလုံး, တဘဝလုံးသည်ပင် ဆင်းရဲတရားသာ ဖြစ်လေသည်။

## ဓောဒကတက်ဖွယ်

ဤတွင် စောဒက တက်စရာ ပေါ်လာပြန်သည်။ အချို့က ဆိုကြပေမည် "လောကကြီးသည် ဒုက္ခနှင့် ပြည့်နေသည်။ လောကကြီး၌ ဒုက္ခသည်သာ လွှမ်းမိုး၍နေသည်ဆိုသည်ကို မကြိုက်နိုင်ပါ။ ယင်းသို့ဆိုခြင်းသည် လောကကြီးကို သာမန်မျှသာ ကြည့်၍ အဆိုးဘက်ကလိုက်၍ အရမ်း မှတ်ချက်ချခြင်းသာ ဖြစ်ပါသည်။

လောကကြီးတွင် ပျော်ရွှင်စရာ, သာယာစရာ, စိတ်အပန်းပြေစရာ အာရုံတွေ ပေါလှသည် မဟုတ်ပါလော? ရုပ်ရှင်ရုံများ, ဇာတ်ပွဲရုံများ, အပန်းဖြေရိပ်သာများ စသည်တို့လည်း ပေါများလှသည် မဟုတ်ပါလော? သားနှင့် သမီးနှင့် သိုက်သိုက်မြိုက်မြိုက် နေရခြင်းလည်း ချမ်းသာသုခ တမျိုးပင် မဟုတ်ပါလော? ဤအချက်အလက်များကို လျစ်လျူရှုပြီး မျက်စိကို စုံမှိတ်၍ ပြောမှသာ လောကကြီး ဆင်းရဲ အတိပြီးသည်ဟု ပြောနိုင်ပါလိမ့်မည်။ အနည်းအကျဉ်း ဒုက္ခရှိသည် ကား မှန်ပါသည်။ သို့သော် ထိုဒုက္ခက လွှမ်းမိုး မနေသည့်ပြင် သုခကြောင့်ပင် ကမ္ဘာကြီးသည် ပို၍ သာယာစရာ ဖြစ်လာရပါသည်။ ထို့ကြောင့် ကမ္ဘာကြီးသည် ဆင်းရဲတုံးကြီးပင်ဟုဆိုသော ဒုက္ခသစ္စာ တရားကို မကြိုက်နိုင်ပါ"။ ဤသို့ စောဒက တက်လိုကောင်း တက်လို ကြပေမည်။

## သုခလော? ဒုက္ခလော?

ဤနေရာ၌ 'ကမ္ဘာကြီးသည် သုခလော? ဒုက္ခလော? 'ဟူသော ပြဿနာ ပေါ်ပေါက်လာလေသည်။ ဤပြဿနာကို တဘက်သတ် ကြည့်ခြင်းဖြင့် ဖြေရှင်း၍ မဖြစ်နိုင်ပေ။ မြင့်သော မျှော်စင်ပေါ်မှနေ၍ ကြည့်သလို ကိုယ့်ကိုယ်ကို ဘဝနှင့် လွတ်လွတ် ထားပြီး ဘဝကြီးကို ကြည့်ရှုလေ့လာနိုင်မှ ဖြစ်ပေမည်။ လောကကြီး၌ ဖြစ်လာသမျှ အဖြစ်အပျက်တို့သည် တခုတည်း သီးခြားကင်းလွတ်၍

ဖြစ်ပေါ်လာသည်ဟု မရှိ မိမိသည် အကြောင်းတခုခုကြောင့် ဖြစ်လာရသလို မိမိကလည်း နောင်ဖြစ်လတ္တံ့သော ဖြစ်ရပ်တခုခု၏အကြောင်း ဖြစ်ပေလိမ့်ဦးမည်။ ယင်း အဖြစ်အပျက်တို့တွင် မိမိနှစ်သက်သော အရာလည်း ပါ၍ နှစ်သက်စရာ မဟုတ်သော အရာများလည်း ပါလာပေလိမ့်မည်။ ယင်းသို့ ပါလာရာတွင် မနှစ်သက်စရာကြောင့် နှစ်သက်စရာများသည်ပင် မနှစ်သက်စရာ ဖြစ်သွားနိုင်လေသည်။

ဥပမာ- အလုပ်သမားတစ်ယောက်သည် သိန်းထီပေါက်၍ လုပ်ရင်းစွဲ အလုပ်မှ ထွက်ပြီးလျှင် ထီပေါက်သော ငွေကို အရမ်းမဲ့ သုံးဖြုံးပစ်၍ ရှိသမျှပြောင်ကာ အရင်ကထက်ပင် အခြေအနေ ဆိုးလျက်ရှိ၏။ ယခင်အလုပ်မှ ထွက်လိုက်သဖြင့် အလုပ်လည်း မရှိတော့။ ထိုအခါတွင် ထိုသူသည် ထီပေါက်ခြင်းကိုပင် သူ၏ ပျက်စီးရာ ပျက်စီးကြောင်း တခုအနေဖြင့် ထင်မြင် ယူဆပေလိမ့်မည်။

ထို့အတူပင် ဇနီးမောင်နှံ နှစ်ယောက်အား ကြာမြင့်စွာ သားသမီး မရှိရာမှ ကံအားလျော်စွာ သားကလေး တစ်ယောက် ရလာသည် ဆိုကြပါစို့၊ မိမိတို့ အလွန်တောင့်တထားသော ရည်ရွယ်ချက် ပြည့်စုံသဖြင့် အလွန်အမင်း ဝမ်းသာကြပေလိမ့်မည်။ သို့သော် ကံအကြောင်းမလှ၍ ထိုကလေး ကွယ်လွန်သွားသည် ဆိုပါမူကား ကြီးစွာသော ဆင်းရဲပူဆွေးမှုကို ခံစားကြရပေလိမ့်မည်။

အထက်ပါ ဥပမာကို ကောက်ချက်ချကြည့်လျှင် မိမိအား စိတ်ချမ်းသာ ပျော်ရွှင်မှုကိုပေးသော သက်ရှိ သက်မဲ့ ပစ္စည်း ဝတ္ထု

တို့သည် မိမိထံမှ ပျောက်မသွားဘဲ အမြဲတည်နေမှသာ မိမိအား ထာဝစဉ် ချမ်းသာကို ပေးနိုင်ပေမည်။ သို့မဟုတ်က ချမ်းသာတုမျှကိုသာ ပေးပေလိမ့်မည်။ ထိုချမ်းသာတုကား သကြားဖုံးထားသော အဆိပ်တုံးသဖွယ် ဖြစ်၍ စင်စစ် ဆင်းရဲကြောင်းသာ ြ်လေသည်။ သို့ဖြစ်ရကား ဘာမျှ အမြဲတည်နေသည် မရှိသော ဤလောကကြီးတွင် ချမ်းသာစစ်ဟူ၍ မြူမျှပင် တွေ့နိုင်တော ည် မဟုတ်။ 'ဤကမ္ဘာကြီးသည် သုခမဟုတ်၊ ဒုက္ခသာ'ဟူသော ဖြေလည်း ထွက်၍ လာလေတော့သည်။

ထို့ကြောင့်လည်း ဗုဒ္ဓရှင်မတော်သည် နောင်အခါ ဟောတော်မူမည့် တရားတော်တို့၌ "ယဒနိစ္စံ တံ ဒုက္ခံ- မမြဲတာမှန်သမျှ ဆင်းရဲချည်းသာဖြစ်သည်" ဟု ဟောတော်မူလေသည်။ ထို 'ယဒနိစ္စံ တံ ဒုက္ခံ'ဟူသော စကားတော်သည် သုခလား, ဒုက္ခလားဟူသော ပြဿနာကို ဖြေရှင်းရာတွင် အားကိုးအားထားပြုရမည့် လက်နက်ကောင်းကြီး တခုပင် ဖြစ်တော့သည်။

တနည်းလည်း ချမ်းသာသည် ပျော်ရွှင်သည် ဆိုသည်မှာ မိမိအလို ပြည့်သွားသည်၊ ကျေနပ်သွားသည်ဟု ဆိုလိုပေသည်။ ယခုအခါတွင် လူတို့သည် ပျော်ရွှင်စရာ အာရုံအမျိုးမျိုးကို လိုက်စားကြသော်လည်း အလိုပြည့်သွားသည်ဟူ၍ မရှိပေ။ မည်မျှကောင်းသော ရုပ်ရှင်ကို ကြည့်ရစေကာမူ ရုပ်ရှင်ကြည့်လိုသော အလိုအာသာကား ပြည့်စုံသည် ဟူ၍မရှိပေ။ အလိုအာသာ မပြည့်၍လည်း အထပ်

ထပ် ကြည့်နေကြခြင်း ဖြစ်လေသည်။ အကယ်၍ အလိုပြည့်သည် ဆိုပါက ဘယ်တော့မှ ထပ်၍ ကြည့်လိုတော့မည် မဟုတ်ပေ။ အခြား အာရုံများ၌လည်း ဤနည်းနှင်နှင် သိရာ၏။ ထို့ကြောင့် အလိုမပြည့် လျှင် ချမ်းသာသည်ဟု မဆိုနိုင်။ မချမ်းသာလျှင် ဆင်းရဲတရားသာ ဖြစ်၍ အမြင်အားဖြင့် ချမ်းသာဟု ထင်ရသော အရာများသည် တကယ် စစ်ဆေးကြည့်သောအခါ ချမ်းသာဟန်ဆောင်နေသော ဆင်းရဲအစစ်များသာ ဖြစ်ကြလေတော့သည်။

ခေတ္တခဏ အာသာပြေမှုကိုပင် ချမ်းသာဟု ခေါ်သည် ဆိုငြားအံ့။ ယင်းအဆိုလည်း မမှန်ပေ။ ရုပ်ရှင်ကြည့်လိုသော အာသာ သည် မိမိအိမ်တွင် စည်းစိမ်နှင့် ထိုင်နေ၍ ပြေမည်မဟုတ်။ ၎င်းအာ သာပြေပျောက်စေရန် ရုပ်ရှင်ရှိရာသို့ သွား၍ကြည့်ရလိမ့်မည်။ ရုပ်ရှင် ရုံသို့ သွားရန် ဖီးလိမ်းပြင်ဆင် ဝတ်စားရမှု, သွားရလာရမှု, ပိတ်ကား ပေါ်ရှိ အရုပ်ကို မျက်စိဖြင့် အလစ်မခံဘဲ စူးစိုက်ကြည့်ရမှု စသည် တို့ကို မလုပ်ဘဲ မပြီး။ ယင်းအမှုတို့ကို လုပ်နေရခြင်းသည် ချမ်းသာ လား ဆင်းရဲလားဟု ကိုယ့်ကိုယ်ကို မေးကြည့်က ဆင်းရဲဟူသော အဖြေသာ ရိုးသားသော အဖြေအဖြစ်ဖြင့် ထွက်လာပေလိမ့်မည်။ အခြား အာရုံ များကို ခံစားရာ၌လည်း ဤအတူပင်မှတ်ရာ၏။ ထို့ကြောင့် ကောင်း သောအာရုံများကို ခံစားနေသည့် အခိုက်နှင့် ၎င်းအခိုက်၏ ရှေ့ နောက် ပတ်ဝန်းကျင် အားလုံးသည်ပင် ချမ်းသာဟု ထင်ရသော် လည်း အနည်းငယ် စူးစိုက်၍ ကြည့်လျှင်ပင် ဆင်းရဲအစစ်သာ

ဖြစ်ကြောင်းကို ကောင်းကောင်းကြီး သဘောပေါက် နိုင်လောက်ပေပြီ။

အကျကောက်စောဒနာ

ဤသို့ ဒုက္ခသစ္စာ တရားတော်အရ 'လောကကြီးသည် ဆင်းရဲမှုနှင့် ပြည့်နေသည်' ဟူသည်ကို အကျကောက်၍ ဗုဒ္ဓဝါဒသည် မကောင်းသည်ကိုသာ ကြည့်တတ်သော ဝါဒဟု စွပ်စွဲကြသည်။ ၎င်းစွပ်စွဲချက်ကား လုံးဝမမှန်ပေ။ ဗုဒ္ဓဝါဒသည် ဆင်းရဲဒုက္ခတွေကိုသာ အကြီးအကျယ်ပြပြီး ဒုက္ခမှ လွတ်ရာလွတ်ကြောင်းကို မပြခဲ့လျှင်ကား ၎င်းတို့ စွပ်စွဲချက်သည် မှန်ကောင်း မှန်ပေမည်။

သို့သော် ဗုဒ္ဓဝါဒသည် ဒုက္ခတွေကိုသာ ကြည့်ပြီး ဒီဒုက္ခတွေက လွတ်နိုင်မှာ ထွက်နိုင်မှာ မဟုတ်တော့ပါဘူးဟု စိတ်ပျက်၍ ကြိုးစားအားထုတ်မှု မရှိဘဲ ယောကျ်ားမပီမသ လက်မှိုင်ချနေသည့် ဝါဒမဟုတ်ပေ။ ဒုက္ခကို တကယ်မြင်အောင် ထင်အောင် ပြပြီးနောက် ဒုက္ခမှ ထွက်မြောက်ရာကို လည်းကောင်း၊ ဒုက္ခမှ လွတ်မြောက်အောင် လုပ်နည်းကို လည်းကေင်း သဘာဝကျကျ ပြထားသော ဝါဒသာ ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့ စွပ်စွဲချက်သည် အခြေအမြစ်မရှိ၊ ဗုဒ္ဓဝါဒကို သေချာစွာ မလေ့လာဘဲ ရမ်း၍အပြစ်တင်ခြင်းသာ ဖြစ်ပေသည်။ ၎င်းသူတို့ကား မိမိတို့သောက်နေသော ရေကို အခြားသူ တဦးတယောက်က ယူ၍ မိုင်ကရိုစကုတ်အောက်မှာ တင်ကြည့်

ပြီး "မင်းတို့သောက်တဲ့ရေထဲမှာ ပိုးတွေပါတယ်" ဟု ပြောသောအခါ " ဒီလူ အလကား လိမ်ပြီး ဒို့ကို စိတ်ပျက်အောင်ပြောတာပဲ" ဟု စွပ်စွဲသူတို့ကဲ့သို့ ပညာရှိများ ရယ်ဖွယ်သာ ဖြစ်ပေသည်။

--x--x--x--

# ဆင်းရဲ၏အကြောင်းမှန်တရား

ဣဒံ ခေါ ပန ဘိက္ခဝေ - ဒုက္ခသမုဒယံ အရိယသစ္စံ ယာယံ တဏှာ ပေါနောဘဝိကာ နန္ဒိရာဂသဟဂတာ တတြ တတြာ-ဘိနန္ဒိနီ၊ သေယျထိဒံ ကာမတဏှာ ဘဝတဏှာ ဝိဘဝ တဏှာ။

လောကကြီး (ဝါ) ဘဝကြီး၏ ဆင်းရဲအတိပြည့်နေပုံကို ရေးပြခဲ့ပြီးဖြစ်၍ ဒုက္ခသစ္စာတရားကို လက်ခံနိုင်လောက်ပေပြီ။ လောကကြီး (ဝါ) ဘဝကြီး ဆင်းရဲမှန်း သိသဖြင့်လည်း ဘဝမှ လွတ်မြောက်မှုကို လိုချင်ပေလိမ့်မည်။ မိမိအား အမြဲတမ်း နှိပ်စက်နေသော နေရာဌာနတွင် အဘယ်သူသည် နေချင်မည်နည်း? ၎င်းနေရာက လွတ်မြောက်ရေးကိုသာ တွေးတောရှာကြံမည်မှာ သဘာဝပင်ဖြစ်ပေသည်။ ယခုလည်း ဆင်းရဲ၏ အကြောင်းအရာကို ကောင်းကောင်းကြီး သိပြီးဖြစ်၍ ဆင်းရဲမှ အလွန်ပင် လွတ်လိုပေမည်။

ဆင်းရဲမှ လွတ်အောင် မည်သို့ကြံမည်နည်း? ဒုက္ခမှ လွတ်ကြောင်းကို ရှာကြံရာတွင် ဗုဒ္ဓရှင်တော်သည် ဘုရားအမည်ခံ အခြားသော ဘယ်ပုဂ္ဂိုလ်နှင့်မျှ မတူသည်ကို တွေ့ရသည်။ ဒုက္ခ၏ အကြောင်း ကို မသိဘဲ ဒုက္ခကို ဘယ်နည်းနှင့်မျှ မတိုက်ဖျက်နိုင်ပေ။ ရောဂါ၏ အကြောင်းကို မသိဘဲ အရမ်း ဆေးတိုက်၍ ရောဂါပျောက်မည် မဟုတ်ပေ။

ဤနေရာတွင် ရှင်တော်ဘုရားသည် အလွန်တတ်ကျွမ်းသော သမားတော်ကြီးနှင့် တူလေသည်။ သမားတော် ဟူသည် လူနာ၌ ဖြစ်ပေါ်နေသော ရောဂါကို ရှေးဦးစွာ ဆုံးဖြတ်၍ ယင်းရောဂါဖြစ်ပေါ်လာခြင်း၏ အကြောင်းကို ရှာကြံရပေသည်။ အကြောင်းကို တွေ့မှသာ ထိုအကြောင်းကို ပယ်ဖျောက်နိုင်မည့် ဆေးကို ပေးရလေသည်။ ရှင်တော်ဘုရားလည်း လောကဟူသော လူနာကြီး၏ ရောဂါကို ဒုက္ခဟု ကျကျနန ဆုံးဖြတ်ပြီးနောက် ယင်းဒုက္ခရောဂါကြီး၏ အကြောင်းကို ရှာဖွေတော်မူသည်။ ထိုအကြောင်းကို တွေ့မှသာ သူ့ကိုနိုင်မည့် ဆေးကို ညွှန်ကြားတော်မူခဲ့လေသည်။ ထို့ကြောင့် ဒုက္ခကိုမလိုချင် ပယ်သတ်ချင်သည်ဆိုလျှင် ဒုက္ခကိုပင် ကိုင်၍မရ၊ သူ့ကို ဖြစ်စေတတ်သော အကြောင်းကို ရှာဦးမှ ဖြစ်ပေမည်။ ဒုက္ခအကြောင်းကား အဘယ်ဟာပေနည်း?။

## အကြောင်းရှာစရာ ဥပမာ

အပေါ်လွင်ဆုံး ဥပမာတခုဖြင့် စဉ်းစားကြည့်ကြစို့။ စာဖတ်သူတွင် အမျိုးတူ အရွယ်တူ တန်ဖိုးတူ ဖောင်တိန် ၂-ချောင်းရှိသည် ဆိုကြစို့။ ထို ၂-ချောင်းတွင် တချော င်းကိုကား မိဖက ပေး၍ဖြစ်စေ အခြားနည်းအားဖြင့် ဖြစ်စေ သာမာန်အားဖြင့် ရရှိထားသည်။ အခြား တချောင်းကိုကား မိမိ အလွန်ချစ်မြတ်နိုးသူက မိမိ၏မွေးနေ့တွင် အမှတ်တရ လက်ဆောင်အဖြစ်ဖြင့် ပေး၍ ရရှိထားသည် ဆိုကြစို့။

ထိုဖောင်တိန် ၂-ချောင်းတွင် မည်သည့်ဖောင်တိန် ပျောက်ခြင်းက စာဖတ်သူကို ဆင်းရဲဒုက္ခ ပို၍ဖြစ်စေမည်နည်း? ရိုးရိုးသားသား ဖြေပါလျှင် ချစ်မြတ်နိုးသူက ပေးထားသောပစ္စည်း ပျောက်ခြင်းက ပို၍ ဒုက္ခဖြစ်စေပါသည်ဟု ဖြေရလိမ့်မည်။

ဤတွင် ပြဿနာပေါ်လာသည်။ ဖောင်တိန် ၂-ချောင်းသည် အမျိုးတူ အရွယ်တူ တန်ဖိုးတူ ဖြစ်ပါလျက် အဘယ့်ကြောင့် ၎င်းတို့ ပျောက်ခြင်းကြောင့်ဖြစ်သော ဒုက္ခမတူသနည်း? သေချာစွာ စစ်ဆေးကြည့်လျှင် စာဖတ်သူသည် ဒုတိယဖောင်တိန်အပေါ်၌ တွယ်တာမှု ငဲ့ကွက်မှု မြတ်နိုးမှုပို၍များသည်ကို တွေ့ရပေလိမ့်မည်။ ယင်းသို့ ပို၍များသောကြောင့်လည်း ဒုက္ခအရောက် ပိုခြင်းပင် ဖြစ်သည်။

ဤသို့ ဒုက္ခပို၍ ဖြစ်ခြင်းသည် ဖောင်တိန်ကြောင့်ဟု ဆိုမည်လော? ယင်းသို့ဆိုလျှင် ပဌမဖောင်တိန် ပျောက်ရာ၌လည်း ဒုက္ခအတူတူပင် ဖြစ်ရလိမ့်မည်။ ယခု ဒုက္ခ အတူတူ မဖြစ်သည်ကို ထောက်လျှင် ဖောင်တိန်ကြောင့် မဟုတ်နိုင်ပေ။ အမှန်မှာ ဖောင်တိန်ပေါ်၌ မိမိ၏ တွယ်တာမှု ငဲ့ကွက်မှု မြတ်နိုးမှုကြောင့်သာ ဒုက္ခပို၍ ဖြစ်ရခြင်း ဖြစ်လေသည်။ တွယ်တာမှု အနည်းအများကိုလိုက်၍ ဒုက္ခရောက်မှု အနည်းအများ ဖြစ်ရပေသည်။

သို့ဖြစ်ရာ ဖောင်တိန် ပျောက်၍ ဖြစ်ရသော ဆင်းရဲဒုက္ခသည် ဖောင်တိန်ဟူသော ရုပ် ပစ္စည်းကြောင့်လော? သို့မဟုတ် တွယ်တာမှု ဟူသော နာမ်တရားကြောင့်လော? ဖောင်တိန်ကြောင့်ဟု ဆိုပါက အခြားသူများ၏ ဖောင်တိန် ပျောက်ရာ၌လည်း စိတ်ဒုက္ခ

အတူတူပင် ရောက်ရလိမ့်မည်။ ရောက် ကား မရောက်ခဲ့၊ ထို့ကြောင့် အကျဉ်းအားဖြင့် ဆိုရလျှင် ပစ္စည်းပျောက်မှုကြောင့် ဖြစ်ပေါ်လာရသော စိတ်ဒုက္ခသည် ပစ္စည်းကြောင့် မဟုတ်ဘဲ ပစ္စည်းပေါ်မှာ တွယ်တာမှုကြောင့် ဆိုသည်မှာ ထင်ရှားလှလေပြီ။ ထို့ကြောင့် ပစ္စည်းပေါ်မှာ တွယ်တာမှု မရှိသူတို့အား ဒုက္ခမဖြစ်ခြင်း ဖြစ်ပေသည်၊ ပစ္စည်းပေါ်၌ လုံးဝတွယ်တာမှု မရှိလျှင် သူ့ကြောင့်ဖြစ်သော ဒုက္ခလည်း လုံးဝဖြစ်တော့မည် မဟုတ်ပေ။

ထို့ကြောင့် ဒုက္ခ (ဝါ) ဆင်းရဲရခြင်း၏ အကြောင်းကို ရှာပါဆိုလျှင် တွယ်တာမှုကိုပင် တွေ့ရပေမည်။ ဤတွယ်တာမှု, ကပ်ငြိမှုကိုပင် ပါဠိလို တဏှာဟု ခေါ်သည်။ ထို့ကြောင့် သမုဒယသစ္စာ (ဝါ) ဒုက္ခသစ္စာ၏ အကြောင်းမှန်ဟာ ဘာလဲဟုမေးလျှင် "တဏှာ" ဟုပင် ဖြေရပေမည်။ ("တဏှာ" ဟူသော စကား၌ သာမန် တပ်မက်မှု, တွယ်တာမှုမှစ၍ ကြမ်းတမ်းသော ရာဂစသည်တို့ပါ ပါဝင်သည်ကိုလည်း သတိပြုရာသည်။) သို့ဖြစ်ရကား ဒုက္ခသစ္စာ ဟူသော ဆင်းရဲတရားကို အလိုမရှိသူသည် သမုဒယသစ္စာ ခေါ်သော ထိုဆင်းရဲတရား၏ အကြောင်းဖြစ်သော တဏှာကို ပယ်သတ်ရပေလိမ့်မည်။

ဘဝဖြစ်ကြောင်း

အထက်တွင် ပြခဲ့ပြီးသော ဒုက္ခ၏အကြောင်းရှာပုံမှာ ဘဝတွင် ရံခါရံခါ တွေ့ရသော ဒုက္ခများ၏ အတွက်သာ ဖြစ်သေးသည်။

သို့သော် သတ္တဝါများသည် ထိုရုံခါ ဒုက္ခမျိုးဖြင့်သာ အနှိပ်စက်ခံနေရသည် မဟုတ်သေး။ မွေးလာသည်မှစ၍ သေသည်အထိ အိုခြင်း၊ သေခြင်း၊ ပဋိသန္ဓေနေရခြင်းဟူသော ရှောင်၍မလွတ်နိုင်သော ဆင်းရဲတို့ဖြင့်လည်း အနှိပ်စက် ခံနေရသေးသည်။ ဤဒုက္ခများမှလွတ်အောင် မည်သို့ လုပ်မည်နည်း? မိမိသည် လူအဖြစ်ဖြင့် မွေးလာသည်ဖြစ်၍ ယခုဘဝအတွက် လူ့အိုခြင်း၊ လူ့နာခြင်း၊ လူ့သေခြင်းတို့ကား မလွဲသာ မရှောင်သာ တွေ့ရပေတော့မည်။ ဤဆင်းရဲတို့မှကား ဘယ်နည်းနှင့်မျှ လွတ်နိုင်တော့မည် မဟုတ်ပေ။ သို့သော် နောင်အခါ အနာဂတ်တွင် ဖြစ်ပေါ်မည့် ဒီဘဝတွင် တွေ့ရသော ဆင်းရဲမျိုးကိုကား မဖြစ်အောင် တားဆီးနိုင်ပေသည်။

သစ်ပင်ကြီး၌ အသီးများရှိရာ ၎င်းအသီးများကို မလိုချင် မသီးစေချင်ဘူး ဆိုလျှင် လက်ရှိ အသီးတွေကို ခြွေချ၍ မဖြစ်နိုင်ပေ။ အကြောင်းကား အသီးဟု ထင်ရှားဖြစ်ပြီးနေသောကြောင့်တည်း။ သို့သော် နောင်နှစ် နောင်နှစ်တို့တွင် သီးမည့် အသီးများကိုကား မသီးအောင် တတ်နိုင်ပေသည်။ သစ်ပင်ကြီး၏ သီးစေတတ်သော သတ္တိ ကုန်သွားအောင် အဆိပ်ဆေးများဖြင့် ထိုးခြင်းစသော နည်းတို့ဖြင့် ပြုပြင်လိုက်လျှင် နောင်တွင် အသီးသီးတော့မည် မဟုတ်ပေ။

ထို့အတူပင် သတ္တဝါတို့၏ သန္တာန်၌ရှိသော ပဋိသန္ဓေကို ဖြစ်စေတတ်သည့် သတ္တိရှိသော တရားကို သတ်ပေးလိုက်လျှင်

နောင်တွင် ပဋိသန္ဓေဖြစ်တော့မည်မဟုတ်၍ ပဋိသန္ဓေကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော အိုခြင်း, နာခြင်း, သေးခြင်းဟူသော ဒုက္ခတရားတို့လည်း ဖြစ်ပေါ်ကြတော့မည် မဟုတ်ပေ။ သို့ဖြစ်ရာ ပဋိသန္ဓေ သို့မဟုတ် ဘဝကို ဖြစ်စေတတ်သော အကြောင်းကား အဘယ်နည်း? ၄င်း အကြောင်းကို တွေ့မှသာ ဒုက္ခငြိမ်းမှုကို အကောင်အထည် ဖေါ်နိုင်ပေလိမ့်မည်။ ဒီဘဝကြီးကို ဖြစ်စေတတ်သော အကြောင်း ရှိ, မရှိ ကြည့်ကြဦးစို့။

ရှေ့ဘဝ နောက်ဘဝ ရှိပုံ အထောက်အထား

လွန်ခဲ့သည့် ၄-၅ နှစ်ခန့်က ဗမာပြည်သို့ သကုန္တလာဒေဝီခေါ် အိန္ဒိယ အမျိုးသမီးတယောက် ရောက်လာခဲ့သည်။ သူသည် သချာအရာတွင် သူမတူတန်အောင် တော်သောကြောင့် အနောက်နိုင်ငံ သချာပါရဂူများပင် အံ့သြကြရသည်။ ဂဏန်းတွက်သော စက်နှင့်ပင် အပြိုင်အဆိုင် တွက်ခဲ့သည်ဟု ဆိုသည်။ ဤမျှ ဤအမျိုးသမီးသည် ဉာဏ်ကောင်းလှသည်။ ဤအမျိုးသမီး ဤမျှဉာဏ်ကောင်းရခြင်းမှာ ဘာ့ကြောင့်နည်း? မျိုးရိုးလိုက်ခြင်း (Heredity) ဟု ဆိုမည်လော? ယင်းသို့ဆိုလျှင် သူ၏ မိဖမှားလည်း သူလိုပင် ဉာဏ်ကောင်းရပေလိမ့်မည်။ ကောင်းကား မကောင်းခဲ့။ ကောင်းခဲ့လျှင် သူလိုပင် ကမ္ဘာကျော်ပေမည်။ ပတ်ဝန်းကျင် သင်ပြုမှု စသော အကြောင်းကြောင့်ဟု ဆိုမည်လော? ယင်းသို့ဆိုလျှင်လည်း သူရခဲ့သော

ပတ်ဝန်းကျင်မျိုး သင်ပြပေးမှုမျိုးကို ရသော အခြားများစွာသော သူတို့ကား အဘယ်ကြောင့် သူ့လောက် ဉာဏ်မကောင်းကြပါ သနည်း? ၄င်းအမျိုးသမီး ဉာဏ်ကောင်းခြင်းမှာ အကြောင်းမဲ့သက်သက် ဖြစ်သည်ဟု ဆိုမည်လော? ဤသို့ဆိုလျှင် မည်သည့်သဘောတရား မျိုးမဆို အကြောင်းမကင်းဟူသော အကျိုးအကြောင်း ဆက်သွယ်မှု ကမ္ဘာ့နိယာမတရားကို လွန်ဆန်ရာ ကျပေလိမ့်မည်။ ဦးနှောက် ကောင်းသောကြောင့် ဉာဏ်ကောင်းသည်ဟု ပြောငြားအံ့၊ ဘာ့ ကြောင့် ဦးနှောက်ကောင်းရသနည်း? ဟူသော ပုစ္ဆာလည်း နောက် မှ ထက်ကြပ်မကွာ ပါလာဦးမည်ပင် ဖြစ်သည်။

သို့ဖြစ်ရာ ဤအမျိုးသမီး ဉာဏ်ကောင်းရခြင်း၏ အကြောင်း ကို ဤဘဝတွင် ရှာ၍ကား မတွေ့နိုင်တော့ပြီ။ ဉာဏ်ကောင်းခြင်း သည် အကြောင်းမဲ့ မဟုတ်၍ အကြောင်းကို တွေ့အောင် ရှာမည်ဆို လျှင် ၄င်း အမျိုးသမီး ဒီဘဝသို့ မရောက်မီ ရှေ့မှာရှိသော အကြောင်း တစုံတခုကြောင့်ပင် ဖြစ်ရမည်။ သူဒီဘဝ မရောက်မီ ရှေ့တွင်ဘဝတခု ရှိခဲ့ရဦးမည်ဟု ဆိုလိုသည်။ (ဤသို့ စဉ်းစားဆင်ခြင် ခြင်းဖြင့်ပင် သတ္တဝါတို့အား ဤဘဝသာမဟုတ်၊ ရှေ့နောက် ဘဝများ လည်း ရှိသည်ဆိုသည်ကို သဘောကျ၍ လာပေလိမ့်မည်။ တမလွန် ဘဝ ဟူသည်မှာ ဧကန်ရှိသည်ဟု ယုံကြည်လာပေလိမ့်မည်။) ၄င်း ရှေးဘဝတုံးက သူပြုခဲ့သော ကုသိုလ်ကောင်းမှု တခုခုကြောင့်သာ ဖြစ်ရသည်ဟု ရှေးဘဝက အကြောင်းကို တွေ့ပေလိမ့်မည်။ ရှေး

ဘဝတုန်းက ညဏ်ကောင်းစေတတ်တဲ့ အလုပ်အကိုင် ကောင်းမှု ကုသိုလ်မျိုးကို လုပ်ခဲ့၍သာ ဒီဘဝတွင် ဒီမျှညဏ်ကောင်းခြင်း ဖြစ် သည်ကို နားလည်လာပေမည်။

ဤသို့လျှင် ညဏ်ထူးချွန်သော သကုန္တလာဒေဝီလို ပုဂ္ဂိုလ်မျိုး သာမက, အမွှာပူးဖြစ်ပါလျက် စိတ်နေသဘောထားနှင့်တကွ ရုပ် စသည်ပါ မတူသော သူများ၌ လည်းကောင်း၊ တမိသားချင်းဖြစ်ပါ လျက် စိတ်ကောင်း ရှိ, မရှိ ရုပ်လှ, မလှ အသက်ရှည်, မရှည် စသည် ကွဲပြားရာ၌ လည်းကောင်း ရှေးဘဝကများက ပြုခဲ့သော ကုသိုလ် အကုသိုလ်ကံသည်သာ လက်သည်ဖြစ်တော့သည်ကို ကျေကျေ နပ်နပ်ကြီး ယုံကြည်နိုင်လောက်ပေပြီ။

## ဘဝကို ဖန်တီးသည့်တရား

ဤလက်ရှိဘဝကို ဖြစ်စေသော အကြောင်းမှာ နောက်ဘဝ များ၌ ပြုခဲ့သော ကုသိုလ် (အကုသိုလ်) ကံပင် ဖြစ်ကြောင်း သိရပေပြီ။ သို့သော် ယင်းကုသိုလ် အကုသိုလ်ကံသည်လည်း မည်သည့် အကြောင်းကြောင့် ဖြစ်လာသည်ကို ဆက်လက်စဉ်းစားရပေဦးမည်။ အဘယ့်ကြောင့်ဆိုသော် အကုသိုလ်ကံ ကုသိုလ်ကံ ဖြစ်ပေါ်လာ အောင် အကြောင်းပြုသော လက်သည်ကို မတွေ့သေးလျှင် ကုသိုလ် အကုသိုလ် မဖြစ်အောင် ဘယ်နည်းနှင့်မျှ မလုပ်နိုင်သေးသော ကြောင့်တည်း။ ထို့ကြောင့် ဆက်လက်၍ စဉ်းစားပြန်သော် ပုထုဇဉ်

ဟူသည် အရှုးနှင့်တူသည်။ ဟိုတွေး ဒီတွေးနှင့် ထင်မိထင်ရာ စွဲလမ်း၍ လုပ်မိတတ်သည်။ လူ့ပြည် နတ်ပြည် စသော ကောင်းမြတ်သော ဘုံတို့၌ ဖြစ်ရခြင်းသည် ချမ်းသာလှသည်။ ထိုဘုံတို့၌ ဖြစ်လိုသောကြောင့် ထိုဘုံတို့သို့ ရောက်ရန် ကြံဆောင်ကြရာဝယ် အချို့မှာ ဆရာမိုက်တို့၏ စကားကို နားထောင်မိ၍ သားကောင်ကို သတ်၍ ယဇ်ပူဇော်ခြင်း စသော အကုသိုလ် အမှုတွေကို လုပ်မိကြသည်။ အချို့လည်း ဆရာကောင်းတို့၏ ဩဝါဒရ၍ ကုသိုလ်ကောင်းမှုတွေကို လုပ်မိကြသည်။ ယင်းသို့ အကုသိုလ်နှင့် ကုသိုလ်ကို လုပ်မိခြင်းသည် ထိုထိုဘုံ၌ ဖြစ်လိုခြင်းဟူသော စွဲလမ်းမှုကြောင့်ပင် ဖြစ်လေသည်။ ဤစွဲလမ်းမှုမျိုး မရှိပါက (ဝါ) ၄င်းဘုံတို့သို့ ရောက်လိုသောစိတ် တကယ်မပြင်းပြပါက လုပ်မိကြမည် မဟုတ်ပေ။

အချို့လည်း အယူမှားဟူသော အစွဲအလမ်းကြီးမှုကြောင့် ကုသိုလ် အကုသိုလ်တွေကို လုပ်မိကြသည်။ သို့ဖြစ်ရာ ယင်းသို့ ပြုလုပ်ကြသော ကုသိုလ် အကုသိုလ်တို့၏ အကြောင်းကို ရှာပါဆိုလျှင် ဆိုခဲ့သော စွဲလမ်းမှုမှတပါး မရှိပြီ။ ယင်းစွဲလမ်းမှု ဟူသော ပြင်းပြသော လိုချင်ခြင်းနှင့် အယူမှားတို့သည်လည်း သာမန်လိုချင် တပ်မက်မှုဟူသော တဏှာမရှိလျှင် မဖြစ်နိုင်ပေ။ ထိုစကား မှန်၏။ မည်သည့် ဝတ္ထုပစ္စည်း သတ္တဝါတို့ကိုမဆို ပြင်းပြင်းထန်ထန် စွဲလမ်း

သည် ဆိုသည်မှာ ၎င်းတို့ကို လိုချင်သော တပ်မက်သော တဏှာ ဟူသော သာမန်တွယ်တာမှုမှသာ ပေါက်ဖွားလာရခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ပြင်းပြသော စွဲလမ်းခြင်း၏ အကြောင်းကို ရှာပြန်လျှင် တဏှာဟူသော တွယ်တာမှုပင် ဖြစ်တော့သည်။

## တဏှာ၏သဘော

ယင်းသို့ဖြစ်လျှင် " အရင်းစစ်လျှင် အမြစ်မြေက" ဆိုသလို ပဋိသန္ဓေနေမှုဟူသော ဇာတိ၏အကြောင်းကို ရှာပါဆိုလျှင် တဏှာ ဟူသော လက်သည်ကိုပင် တွေ့ရပေမည်။ ဤတဏှာရှိ၍သာ သတ္တာ များသည် တဘဝမှ တဘဝသို့ တပြောင်းပြန်ပြန် ကျင်လည်နေ ကြရခြင်း ဖြစ်ပေသည်။ ထို့ကြောင့်လည်း ရှင်တော်ဘုရားက တဏှာ ကို "ပေါနောဘဝိကာ-နောက်တဖန် ဘဝသစ်ကို ဖြစ်စေတတ်သည်" ဟူသောပုဒ်ဖြင့် အထူးပြုခဲ့ခြင်း ဖြစ်ပေသည်။

ထို့ပြင် ဤတဏှာသည် အာရုံတခု၌ တကြိမ်သာမက အကြိမ်ကြိမ် အထပ်ထပ်လည်း ဖြစ်တတ်သည်။ ယင်းသို့ အကြိမ်ကြိမ် အထပ်ထပ် ဖြစ်မှုလည်း တဏှာသည် ပြင်းစွာ စွဲလမ်းမှုသို့ ကူးပြောင်း နိုင်ပေမည်။ ၎င်းပြင် မိမိတို့ ဖြစ်လေရာရာ ဘုံဘဝ၌ တွယ်တာမှု, နှစ်သက်မှု ဖြစ်ကြရသည်မှာလည်း ဤတဏှာ၏ စွမ်းရည်ပင် ဖြစ် သည်။ သို့ကြောင့်လည်း သတ္တာ တို့သည် မည်မျှ ဆင်းရဲသော ဘဝသို့ ရောက်နေစေကာမူ ထိုဘဝမှ မသေရမည်ကိုကား အထူးပင် ကြောက် လန့်ကြပေသည်။

တဏှာ ၃-မျိုး

ဤဒုက္ခတရား၏ အကြောင်းဖြစ်သော တဏှာသည်ပင် ဖြစ်ပုံကို လိုက်၍ သုံးမျိုး ကွဲပြားသွားပြန်သည်။ ကောင်းသော ရုပ် အဆင်း စသော အာရုံတွေကို တွယ်တာ သာယာသည့်အခါတွင် ၎င်းကို ကာမတဏှာဟု ခေါ်၏။ "ရူပါရုံ စသော အာရုံတို့၌ အတ္တရှိ သည်။ ထိုအတ္တရှိသော ရူပါရုံ စသည်တို့သည် အမြဲတည်သည်" ဟူသော အယူနှင့် ယှဉ်တွဲ၍ဖြစ်သောအခါ ဘဝတဏှာဟုခေါ်ရပြန် သည်။ "ရူပါရုံ စသော အာရုံတို့မှာ အတ္တရှိသည်၊ ထိုအတ္တရှိသော ရူပါရုံ စသည်တို့သည် ဤဘဝပြီးလျှင် ပြတ်စဲသွားတော့သည်၊ ပျက်စီးသွားတော့သည်။ နောက်ထပ် ဘာမှ မဖြစ်တော့" ဟူသော အယူနှင့် ယှဉ်တွဲ၍ ဖြစ်ပြန်သောအခါ ဝိဘဝတဏှာဟူ၍ ခေါ်ရပြန် သည်။ မည်သို့ပင် ဖြစ်စေ ပြဆိုခဲ့ပြီးသော တဏှာ ၃-မျိုးလုံးသည်ပင် ဒုက္ခ၏ အကြောင်းမှန်ဖြစ်၍ သမုဒယ သစ္စာဟု ဆိုရလေသည်၊

သမုဒယ သစ္စာဟောရကျိုး

ဤဒုက္ခ၏ အကြောင်းမှန် ဖြစ်သော သမုဒယသစ္စာကို ထုတ်ဖော်နိုင်ခြင်းသည်လည်း နှယ်နှယ်ရရ မဟုတ်ပေ။ ယင်းသို့ ဖော်နိုင်ခြင်းကပင် ဗုဒ္ဓဘာသာကို အခြားရှိသမျှ ဘာသာတို့နှင့် လုံးဝ မတူစေဘဲ တမူ ထူးခြားအောင် လုပ်ပေးလိုက်လေသည်၊ ဒုက္ခ၏ အကြောင်းကို ရှာရာတွင် သို့မဟုတ် သတ္တာတွေ ဘာကြောင့် ဖြစ်လာ

ရသည်ကို ရှာရာတွင် ဗုဒ္ဓဘာသာမှတပါး အခြားမည်သည့် ဘာသာတွင် မဆို ထာဝရဘုရား၊ သို့မဟုတ် ဗြဟ္မာကြီး ဖန်ဆင်းခြင်းနှင့်ပင် အဆုံးသတ်ကြသည်ကို တွေ့ရပေသည်။ ဗုဒ္ဓဘာသာ ကျမှသာလျှင် ယခုလို ထူးထူးခြားခြား သဘာဝကျသော အကြောင်းမှန်ကို ဖော်ထုတ်ပြသည်ကို တွေ့ရပေသည်။

ဗုဒ္ဓရှင်ကော် ဤတရားဦးကို ဟောတော်မူသည့် ခေတ်ကဆိုလျှင် ဤသမုဒယသစ္စာ အယူဝါဒသည် လက်ရှိဘာသာများကို အရင်းမှ ကိုင်၍ လှုပ်လိုက်သလို ရှိပေမည်။ ဗုဒ္ဓမပေါ်မီက စ၍ ပြင်းပြင်းထန်ထန် စွဲလမ်းလာခဲ့သော အယူအစွဲကြီးကို ခြေမှုန်းတိုက်ဖျက်လိုက်ခြင်းပင် ဖြစ်၍ ကမ္ဘာ့ဘာသာရေး သမိုင်းတွင် သွေးမြေ မကျသော တော်လှန်ရေးကြီးလည်း ဖြစ်တော့သည်။

ဤကဲ့သို့ ရဲဝံ့ပြတ်သားစွာ ထုတ်ဖော်နိုင်ခြင်းကြောင့်လည်း ထိုခေတ်မှ စ၍ ယနေ့တိုင် ဗုဒ္ဓဘာသာသည် ကမ္ဘာပေါ်တွင် ထူးခြားသော ဘာသာကြီးတခု အနေဖြင့် ရပ်တည်နေနိုင်ခြင်း ဖြစ်လေသည်။ ထို့ကြောင့် ဤသမုဒယ သစ္စာသည် ဗုဒ္ဓ၏ တရားတော်တို့တွင် အရေးကြီးသော ကဏ္ဍတခုမှာ ပါဝင်နေခြင်း ဖြစ်လေသည်။

--x--x--x--

# ဆင်းရဲငြိမ်းမှုအမှန်တရား

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ၊
ယော တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓော
စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။

လောကကြီး၏ ဆင်းရဲအတိ ပြည့်နေ၍ သာယာစရာ မရှိပုံကို လည်းကောင်း၊ ယင်းသို့ ဆင်းရဲဖြစ်ရခြင်း၏ အကြောင်းမှာလည်း အခြားမဟုတ် တွယ်ကာမှု တဏှာပင် ဖြစ်သည်ကို လည်းကောင်း သဘောပေါက်ပြီးလျှင် “ ထိုဆင်းရဲလှသော ဒုက္ခတရားတွေ မရှိသည့် ချမ်းသာတရားကား မရှိတော့ပြီလော? ဒုက္ခ၏အကြောင်း ဖြစ်သော သမုဒယ သစ္စာကိုပယ်လျှင် ရရှိမည့် အကျိုး တရားကား အဘယ်ပါနည်း? ယင်းတရားကား အဘယ်သို့ သဘောရှိပါသနည်း?” စသည်ဖြင့် ဆက်လက် တွေးမိကြပေလိမ့်မည်။

ထိုစကား မှန်၏။ ဒုက္ခနှင့် တွေ့နေသူသည် ထိုဒုက္ခ၏ ဆန့်ကျင်ဘက် သုခကို လိုချင် သိချင်မည်မှာ ဓမ္မတာပင်ဖြစ်သည်။ သို့ဖြစ်၍ ဒုက္ခ၏ ဆန့်ကျင်ဘက် ဒုက္ခချုပ်ရာ တရားကို ပြတော်မူလို၍ ၃-ခုမြောက်ဖြစ်သော နိရောဓသစ္စာကို ဘုရားရှင် ဆက်လက်၍ ဟောတော်မူခဲ့ခြင်း ဖြစ်ပေသည်။

နိရောဓသစ္စာ၏ သဘော

ထိုနိရောဓသစ္စာသည် သမုဒယသစ္စာခဏ်း၌ ပြဆိုခဲ့သော ဘဝသစ်ကို ဖြစ်စေတတ်သော တဏှာ ၃-မျိုးကို အကြွင်းမဲ့ ပယ်ခြင်း, ၎င်းတဏှာ၏ အကြွင်းမဲ့ ချုပ်ခြင်းသဘော, ၎င်းတဏှာကို ပယ်စွန့်ခြင်းသဘော, တဖန် စွန့်ခြင်းသဘော, ၎င်းတဏှာမှ လွတ်မြောက်ခြင်းသဘော, ကာမဂုဏ်တွယ်တာမှု လုံးဝမရှိခြင်းသဘောအားဖြင့် ထင်ရှားသော တရားတမျိုး ဖြစ်လေသည်။ ၎င်းတရားကား အဘယ်နည်းဟူမူ- အများသိကြသော နိဗ္ဗာန်တရားပင် ဖြစ်လေသည်။ ၎င်းနိဗ္ဗာန်တရားသည် ပဋိသန္ဓေနေခြင်း, အိုခြင်း, နာခြင်း, သေခြင်း, စိုးရိမ်ပူဆွေး ငိုကြွေးရခြင်း စသော ဒုက္ခတို့ မရှိသော တရားပင် ဖြစ်သည်။ အကြောင်းမူကား တဏှာဟူသော တွယ်တာမှု အကြွင်းမဲ့ ချုပ်သည်ဆိုလျှင် (ကြောင်းကျိုးဆက် ပဋိစ္စသမုပ္ပါဒ်နည်းအရ) တွယ်တာမှုကြောင့်ဖြစ်သော ပြင်းစွာ စွဲလမ်းမှုလည်း ချုပ်ရတော့သည်။ ၎င်းချုပ်လျှင် ၎င်းအကျိုးဖြစ်သော ဘဝလည်း မရှိနိုင်တော့ပေ။ ဘဝမရှိလျှင် ယင်းဘဝနှင့် စပ်သွယ်လျက်ရှိသော ပဋိသန္ဓေနေခြင်း, အိုခြင်း, နာခြင်း, သေခြင်း စသော ဒုက္ခတရားများလည်း ပေါ်ပေါက်လာနိုင်တော့မည် မဟုတ်ပေ။ ထို့ကြောင့်တည်း။

တကယ်ရှိသော တရား

ထိုနိဗ္ဗာန်သည် တကယ်ရှိသောတရား ဟုတ်ပါ၏လော? ဟု စိစစ်ဖွယ်ရှိလာပြန်သည်။ နိဗ္ဗာန်ဟူသည် မိမိကိုယ်ပိုင်ဖြစ်သော

(ရုပ်နာမ်တို့ ချုပ်ငြိမ်းခြင်း) သဘောလက္ခဏာဖြင့် ထင်ရှားရှိသော တရားတပါး ဖြစ်သည်။ ကျွန်ုပ်တို့သည် ရုပ်တရား နာမ်တရားများ ရှိသည်ကို ယုံကြည်လက်ခံကြသည်။ ရုပ်တရားမှာ မျက်စိဖြင့်ပင် မြင်နိုင်သည်ဖြစ်၍ ထင်ရှားရှိကြောင်းမှာ သေချာ[illegible]သည်။ နာမ်တရားကား မျက်စိဖြင့် မြင်နိုင်သော တရားမဟု[illegible]။ ထိုသို့မဟုတ်သော်လည်း စိတ်, စေတသိက်ဟူသော နာမ်[illegible]ရားများကို မိမိတို့ ကိုယ်တိုင်ကိုယ်ကျ ခံစားနိုင်ကြသည်ဖြစ်၍ [illegible]က်စိဖြင့်ပင် မမြင်နိုင်သော်လည်း ထင်ရှားရှိကြောင်းကို ယုံကြည်လက်ခံကြရသည်။

လောဘဖြစ်သောအခါ မိမိတို့ စိတ်ဖြစ်ပုံ, ဒေါသဖြစ်သော အခါ မိမိတို့ စိတ်ဖြစ်ပုံတို့ကို ဆင်ခြင်စဉ်းစားကြည့်လျှင်ပင် လောဘ, ဒေါသဟူသော နာမ်တရားများ ထင်ရှားရှိကြောင်း သိသာလှပေသည်။ ယင်းသို့ ထင်ထင်ရှားရှား သိခြင်းမှာလည်း လောဘ, ဒေါသ စသော နာမ်တရားတို့သည် ရုပ်ဝတ္ထုနှင့် လည်းကောင်း၊ အခြား (မိမိ တွေ့ဖူး ကြုံဖူးသော) နာမ်တရားတို့နှင့် လည်းကောင်း စပ်၍ နေသောကြောင့် ဖြစ်ပေသည်။ နိဗ္ဗာန်သည်ကား နာမ်တရား တမျိုးပင် ဖြစ်သော်လည်း ယင်းသို့ ရုပ်ဝတ္ထုနှင့် လည်းကောင်း၊ အခြား နာမ်တရားများနှင့် လည်းကောင်း ဆက်စပ်ဖြစ်ပေါ်မှု မရှိ၍ ထင်ရှားရှိကြောင်း လွယ်လွယ်နှင့် မသိနိုင်ပေ။ သို့ဖြစ်သော်လည်း အခြားနာမ်တရားများ ရှိကြောင်းကို မျက်စိဖြင့် မမြင်ရဘဲနှင့် ယုံကြည်လက်ခံနိုင်လျှင် နိဗ္ဗာန်ဟူသော နာမ်တရားရှိကြောင်းကိုလည်း လက်ခံနိုင်

ပေမည်။ တကယ် မိမိကိုယ်တိုင် ကျကျနန မျက်မှောက်ပြု၍ သိရန်ကား အရိယာဖြစ်မှပင် တတ်နိုင်ပေတော့မည်။

နိဗ္ဗာန်ရှိပုံ မှန်းဆချက်

တနည်းလည်း၊ အရိယာ မဖြစ်သေးသူတို့ နိဗ္ဗာန်ရှိကြောင်း ဘယ်နည်းနှင့်မျှ မသိနိုင်ပြီလော? ဟူမူ၊ သိနိုင်ပေသည်။ သို့သော် တိုက်ရိုက်သိ မဟုတ်ဘဲ တဆင့်ခံအသိ, မှန်းဆအသိမျိုးဖြင့်သာ သိနိုင်ပေသည်။ ဥပမာ- အင်္ဂလန်သို့ မရောက်ဖူးသူ တယောက်သည် ယုံကြည်လောက်သော သူတို့၏ ရေးသားချက်, ပြောပြမှုတို့ကို အကြောင်းပြု၍ အင်္ဂလန်ပြည်ရှိကြောင်း, ၄င်းပြည် ကြီးကျယ်ခမ်းနားကြောင်း စသည်ကို သိရလေသည်။ ကိုယ်တိုင်ရောက်ဖူးသူလည်းဖြစ်, ယုံကြည်လာက်သူလည်းဖြစ်၍ ထိုသူတို့၏ စကားကို စိတ်ချလက်ချပင် ယုံကြည်ပေလိမ့်မည်။ သို့သော် တဆင့်ခံ အသိမျိုးဖြစ်သော သိရခြင်းဖြစ်၍ ဝိုးကိုးဝါးတားကား ရှိပေလိမ့်မည်။

ထို့အတူပင် လောကတွင် အတုမရှိ ယုံကြည်ထိုက်သော ပုဂ္ဂိုလ်လည်းဖြစ်, မိမိကိုယ်တိုင် နိဗ္ဗာန်တရားကို ရှာဖွေတွေ့ရှိ ခံစားခဲ့ဖူးသော ပုဂ္ဂိုလ်လည်းဖြစ်သော ဘုရားရှင်ကိုယ်တော်မြတ်က "နိဗ္ဗာန်ဆိုသောတရားထူး ထင်ရှားရှိသည်" ဟု ဟောထားသဖြင့် ထိုနိဗ္ဗာန်တရား ထင်ရှားရှိကြောင်းကို စိတ်ချက်လက်ချပင် ယုံကြည်နိုင်ပေသည်။

ထို့ပြင်လည်း လောကတွင် အပူရှိက အအေးလည်း ရှိရသလို, မကောင်းရှိက အကောင်းလည်း ရှိရသလိုပင် အလွန်ဆိုးဝါးပြင်းထန်သော ဒုက္ခဟူသော ဆင်းရဲရှိလျှင် ထိုဆင်းရဲ ကင်းပြတ်ခြင်းဟူသော ချမ်းသာလည်း ရှိရပေမည်။ ဤလောကကြီးရှိလျှင် လောကမှ ထွက်မြောက်ရာ နိဗ္ဗာန်လည်း ဧကန်ရှိရမည်ပင် ဖြစ်ပေသည်။ ထို့ပြင် လောက၌ ဘုရား ရဟန္တာ အရိယာ ပုဂ္ဂိုလ်တို့ ရှိသည်ကို လက်ခံခြင်းဖြင့်ပင် နိဗ္ဗာန်ရှိသည်ဆိုသော အချက်ကို တပါတည်း လက်ခံပြီး ဖြစ်တော့သည်။ အဘယ့်ကြောင့်ဆိုသော် နိဗ္ဗာန်တရားကို ကိုယ်တိုင်မြင်တွေ့ သိရှိ မျက်မှောက်ပြုပြီးသူများသည်သာ ဘုရား ရဟန္တာ အရိယာဟူသော အမည်ထူးကို ခံယူနိုင်ကြသောကြောင့်တည်း။

ပြဆိုခဲ့ပြီးသော အသိမှာလည်း တဆင့်ကြားဖြင့် ဖြစ်စေ, မှန်းဆသိဖြင့် ဖြစ်စေ နိဗ္ဗာန်ဆိုသော တရားထူး တရားမြတ်တခု ထင်ရှားရှိကြောင်း သာမာန်အသိမျှသာ ဖြစ်သည်။ ဤသို့ သိကာမျှဖြင့် " ငါ နိဗ္ဗာန်တရားကို သိပြီ" ဟူ၍ကား ဘယ်နည်းနှင့်မျှ မဆိုနိုင်ပါပေ။ ဥပမာ- ရေသည် ဟိုက်ဒရိုဂျင်နှင့် အောက်ဆီဂျင်ဓာတ်တို့ ပေါင်းစပ်ထားသည်ဟူသော အချက်ကို အများပင် သိကြသည်။ သို့သော် ကိုယ်တိုင်ကိုယ်ကျ ဓာတ်ခွဲစမ်းသပ်၍ သိခြင်းမျိုးကား မဟုတ်။ ကိုယ်တိုင်သိ မဟုတ်၍ ယင်းအချက် မမှန်ဟုလည်း မဆိုနိုင်။ ကိုယ်တိုင် ဓာတ်ခွဲစမ်းသပ်တွေ့ရှိသော သိပ္ပံပညာဆရာတို့၏ စကားကိုပင် အကိုးအကားပြု၍ လူအများ ယုံကြည်မှတ်ယူနေကြ

ခြင်း ဖြစ်သည်။ ရေသည် ဟိုက်ဒရိုဂျင်နှင့် အောက်ဆီဂျင်ဓာတ်တို့ ပေါင်းစပ်၍နေသော ဝတ္ထုဖြစ်ကြောင်းကိုကား သိ၏။ သို့သော် တကယ် ကွက်ကွက်ကွင်းကွင်း သိသည်ကား မဟုတ်သလိုပင်၊ နိဗ္ဗာန် ဟူသော တရားထူး ရှိသည်ဆိုသည်ကိုကား သိကြသည်။ သို့သော် အရိယာပုဂ္ဂိုလ်တို့လို တကယ်သိကား မဟုတ်နိုင်ပေ။

## နိဗ္ဗာန်၏သဘာဝ

ဤနိဗ္ဗာန်သည် ဘယ်လိုနေသနည်း? စသည်ဖြင့် မေးမြန်း လေ့ရှိကြသည်ကို တွေ့ရပြန်သည်။ ဟုတ်သည်။ နိဗ္ဗာန်၏အကျိုး အကြောင်းကို မသိဘဲနှင့် နိဗ္ဗာန်ကို လိုချင်သည်ဆိုလျှင် ရယ်ဖွယ်ဖြစ် ပေမည်။ သို့သော် နိဗ္ဗာန်ကို ဘယ်လို အရောင်အဆင်းရှိသည်၊ ဘယ်လို ပုံပန်းသဏ္ဌာန်မျိုး ရှိသည်။ ဘယ်အရာဝတ္ထုနှင့် တူသည် စသည်ဖြင့် ဖော်ပြပြောဆိုခြင်းငှါ မစွမ်းနိုင်ပေ။ နိဗ္ဗာန်ကား ပုံသဏ္ဌာန် အထည်ဒြပ်ကင်းသည့် အဖြစ်ဖြင့်သာ အရိယာပုဂ္ဂိုလ်တို့ ဉာဏ်၌ ထင်လာသော တရားမျိုး ဖြစ်သည်။ နိဗ္ဗာန်ဟူသည် ရုပ်တရား မဟုတ်၍ ဘယ်လို အဆင်းသဏ္ဌာန်ရှိသည်ဟု ပြောပြခြင်းငှါ မတတ် နိုင်ပေဟု ဆိုလိုပေသည်။ နိဗ္ဗာန်ဟူသည်မှာ အချို့လူများ ထင်သလို ဘုံသီးခြားလည်း မဟုတ်။ ဘုံနန်းပြာသာဒ်ကြီးများနှင့် အလွန်ပျော် စရာကောင်းသော ဌာနကြီးလည်း မဟုတ်။ အမှန်အားဖြင့်ကား

နိဗ္ဗာန်ဟူသည် အမြဲတမ်း ဖြစ်ပျက်၍နေသော ရုပ်နာမ် သင်္ခါရတရားတို့၏ လုံး၀ပေါ်မလာဘဲ ချုပ်ငြိမ်းကင်းဆိတ်သည့် သဘောပင် ဖြစ်ပေသည်။

အဘာ၀ပညတ် မဟုတ်

ယင်းသို့ဖြစ်လျှင် နိဗ္ဗာန်ဟူသည် ဘာမျှ မဖြစ်မရှိခြင်းဟူသော အဘာ၀ပညတ်နှင့် အတူတူပင်လော? မေးမြန်းစရာရှိပြန်သည်။ နိဗ္ဗာန်ကား ဘာမျှ မဖြစ်မရှိခြင်းဟူသော အဘာ၀ပညတ်မျိုးကား မဟုတ်ပေ။ သင်္ခါရတရားတို့၏ ငြိမ်းခြင်း, ကင်းဆိတ်ခြင်း, မဖြစ်ပေါ်ခြင်း, မရှိခြင်း သဘောအားဖြင့် ထင်ရှားရှိသော တရားသာဖြစ်သည်။ ယင်းသို့ ထင်ရှားရှိသောကြောင့်လည်း ထိုသင်္ခါရတို့ ငြိမ်းခြင်းသဘောကို မျက်မှောက်တွေ့သိလျက် မဂ်ဖိုလ်ခေါ်သော တရားများ ဖြစ်ပေါ်နိုင်ပေသည်။ ယင်းတရားများ ဖြစ်ပေါ်လာ၍လည်း လောကတွင် ဘုရား ရဟန္တာ အရိယာခေါ်သော ပုဂ္ဂိုလ်ထူးတွေ ထင်ရှားရှိခြင်း ဖြစ်သည်။

ပုထုဇဉ်တို့သည် အမေမွေးကတည်းက ကန်းလာသူနှင့်တူသည်။ သူသည် အခြားသူများက အ၀ါ, အနီ စသည်ဖြင့် အဆင်းသဏ္ဌာန်တို့ကို ပြောကြားသော်လည်း စိတ်ထဲတွင် ထင်မြင်လာ အောင် နားမလည်ရှာပေ။ အ၀ါဟူသည် ဘယ်လို, အနီဟူသည် ဘယ်လိုဟု

မည်မျှပင် ပြောသော်လည်း သဘော မပေါက်နိုင်ပေ။ အကြောင်းကား မိမိတသက်တာတွင် အရောင်ကို တခါမျှပင် မမြင်ဖူးသော ကြောင့်တည်း။

ထို့အတူပင် ပုထုဇဉ်တို့သည်လည်း ထိုထိုဘဝတွင် ဖြစ်လာကြသည်မှစ၍ ရုပ်နာမ်သင်္ခါရတရားတို့ဖြင့်သာ တွေးတောတတ်, ကြံစည်တတ်ကြသည်။ ရုပ်နာမ် သင်္ခါရကိုလွတ်၍ မည်သည့်တရားကိုမျှ သဘောမပေါက်နိုင်ပေ။ နိဗ္ဗာန်ဆိုသော တရားကလည်း ရုပ်နာမ် သင်္ခါရနှင့် လုံးဝမဆက်စပ်သော တရားဖြစ်ရကား ထင်မြင်နားလည် သဘောပေါက်ရန် အလွန်ပင် ခဲယဉ်းလေတော့သည်။ ဝိပဿနာ အလုပ်ကို အားထုတ်၍ မဂ်ဖိုလ်ကို ရမှပင် ရှင်းရှင်းကြီး ထင်မြင်ကြပေတော့မည်။

## နိဗ္ဗာန်သည် ပျင်းစရာလော

အထက်က ဆိုခဲ့သည့်အတိုင်း နိဗ္ဗာန်ဟူသည် မအို မသေ မမြဲ နေလျက် ပျော်ရွှင်စရာ ချမ်းသာသုခတို့နှင့် ပြည့်စုံသော ဘုံကြီး မဟုတ်ဟုဆိုလျှင် နိဗ္ဗာန်သည် လိုချင်စရာကောင်းသော တရားဟုတ်ပါဦးမည်လော? ပျင်းစရာကောင်းသော တရားကြီးဖြစ်၍ မလိုအပ်သည်သာ မဟုတ်ပါလော? သာယာခံစားမှု မရှိ၍ ချမ်းသာဟုလည်း ဆိုနိုင်ပါဦးမည်လော?ဟု စောဒက တက်ဖွယ်ရှိပြန်သည်။ အဖြေမှာ "နိဗ္ဗာန်သည် တကယ် လိုချင်စရာကောင်းသော တရား

လည်း ဖြစ်သည်။ တကယ် ချမ်းသာသော တရားလည်း ဖြစ်သည်” ဟူသည်တည်း။

ချဲ့ဦးအံ့။ ဒုက္ခသစ္စာခဏ်းတွင် ပြခဲ့သည့်အတိုင်း လူအများတို့ ချမ်းသာဟု ထင်နေကြသော လောကီဆိုင်ရာ အာရုံခံစားမှုများသည် တကယ်စစ်ဆေးကြည့်သောအခါ မမြဲသောတရားများဖြစ်၍ မကြာမီ ဒုက္ခအဖြစ်သို့ ပြောင်းလဲသွားမည့် အတုအယောင် သုခများသာ ဖြစ်သည်။ အချိန်အနည်းငယ်အတွင်းမှာပင် ဒုက္ခအဖြစ်သို့ ပြောင်းလဲသွားမည့် အတုအယောင် သုခဆိုသည်မှာ လိုချင်စရာကောင်းသော သုခဘယ်နည်းနှင့်မျှ မဖြစ်နိုင်ပေ။ နိဗ္ဗာန် ချမ်းသာကား ယင်းကဲ့သို့ ပြောင်းလဲခြင်း မရှိ၍ တကယ် အလိုရှိအပ်သော တရားသာ ဖြစ်လေသည်။

## နိဗ္ဗာန်နှင့် ခံစားမှု

ခံစားမှု မရှိသောကြောင့် ချမ်းသာဟု ခေါ်နိုင်ပါဦးမည်လော ဟူသော ပြဿနာ၌ ခံစားမှု မရှိသောကြောင့်ပင် ချမ်းသာဟု ခေါ်ရသည်ဟု ဖြေရပေမည်။ စင်စစ်အားဖြင့်ကား ခံစားမှုမရှိသော ချမ်းသာမှသာ ချမ်းသာအစစ်ဖြစ်၍ ခံစားမှုရှိသော ချမ်းသာထက် အဆများစွာ သာလေသည်။ ဥပမာ-ခပ်ကြမ်းကြမ်းအားဖြင့် ပြရလျှင် လူတစ်ယောက်သည် အလွန်ကောင်းမွန်သော အစားအစာ, အဆင်း, အနံ့, အသံ

စသည်ကို စားသောက်, ရှုမြင်, နမ်းရှူ, ကြားနာပြီးနောက် အေးမြ ငြိမ်းချမ်းသော နေရာတခုတွင် အားရပါးရ အိပ်ပျော်သွားသည် ဆိုကြစို့။ ထိုတွင် အစားကောင်းကို စားရခြင်း စသည်ကြောင့်ဖြစ် သော ချမ်းသာမှုသည် ခံစားမှုပါသော ချမ်းသာမှု ဖြစ်၍ အားရပါးရ အိပ်လိုက်ရသော ချမ်းသာက ခံစားမှုမပါသော ချမ်းသာနှင့် တူလေ သည်။

ထို့ပြင် မိမိတို့အိမ်တွင်နေစဉ် အာရုံငါးပါး ကို ခံစား၍ဖြစ် သော ချမ်းသာနှင့် ကျောင်းကန်ဘုရား စသည်သို့ သွားရသောအခါ ဖြစ်ပေါ် လာသော မိမိစိတ်၏ ငြိမ်းအေးချမ်းသာမှု ကို ယှဉ်ကြည့်လျှင် လည်း ခံစားမှု မပါသော ချမ်းသာက သာလွန်ကြောင်း သိမြင်လာ ပေလိမ့် မည်။ ထိုသို့သော ချမ်းသာမှု ၂-မျိုး ကွာခြားပုံကို ကြည့်၍ လည်း နိဗ္ဗာန်၏ အလွန်မွန်မြတ်လှသော ချမ်းသာစစ် ချမ်းသာမှန်ကို မှန်းဆ သိမြင်နိုင်ပေလိမ့်မည်။

အကျဉ်းချုပ်အားဖြင့်ကား တဏှာနှင့်တကွ ရုပ်နာမ် သင်္ခါရ တရားအားလုံး၏ အကြွင်းအကျန် မရှိအောင် လုံးဝကင်းပြတ် ချုပ်ငြိမ်းခြင်း သဘောဖြစ်ပြီး ဒုက္ခတရားကို တကယ်သဘောပေါက် လျက် ထိုဒုက္ခတရားမှ လွတ်မြောက်လိုသူတို့အဖို့ အလွန်လိုချင်စရာ ဖြစ်၍ သင်္ခါရတရားတို့၏ ငြိမ်းခြင်းဟူသော မိမိ၏ကိုယ်ပိုင် လက္ခဏာ ဖြင့် ထင်ရှားရှိသော တရားထူးဖြစ်သည့် နိဗ္ဗာန်တရားကိုပင် ဘုရားရှင် သည် တရားဦး ဒေသနာတော်တွင် “ နိရောဓသစ္စာ” ဟု အမည် ပေးခဲ့လေသည်ဟု မှတ်လေ။

အရှုံးပေး ဝါဒလော?

ဤ နိရောဓသစ္စာ ဖြစ်သော နိဗ္ဗာန်တရားနှင့် ပတ်သက်၍ အချို့တို့က စွပ်စွဲကြပြန်သည်။ ဗုဒ္ဓရှင်တော်၏ နိဗ္ဗာန်ဝါဒသည် စိတ်အပျက်ကြီး ပျက်ရာမှ ဖြစ်ပေါ်လာသော အရှုံးပေးဝါဒဖြစ်သည်ဟု ၄င်းတို့က ဆိုလေသည်။ ဤဘဝကြီးကို ကြည့်၍ ဘဝကြီး၏ များပြားလှစွာသော ဒုက္ခပြဿနာတို့ကို မဖြေရှင်းနိုင်၍ ဘဝမှလွတ်မှသာ လွတ်မြောက်ရေးကို ရမည်ဟု ထမင်းရေပူလာ လျှာလွှဲ ပြောသော ဝါဒသာ ဖြစ်သည်ဟု ရိုင်းပြစွာ စွပ်စွဲကြပြန်သည်။

ဤတွင် "လွတ်မြောက်ရေး" ဟူသော စကားကို ရှင်းဖို့ လိုလာသည်။ ၄င်းတို့ဆိုလိုသော လွတ်လပ်ရေးမှာ လူ့လောကတွင် ပိုက်ဆံမရှိ ဆင်းရဲသော ဘဝမှ လွတ်မြောက်၍ စားဝတ်နေရေး ဖူလုံပြီး လောကကြီးက ပေးအပ်ထားသော ချမ်းသာများကို အထိုက်အလျောက် ခံစားလျက် မတောင့်မတ, မကြောင့်မကြ နေရသော ဘဝမျိုးကို ဆိုလိုပေသည်။

ဗုဒ္ဓရှင်တော်မြတ်ကား ၄င်းတို့ ဆိုလိုသော ချမ်းသာမျိုး၊ လွတ်မြောက်မှုမျိုးကို အစစ်အမှန်ဟု မယူဆပေ။ ဘယ်လို မှ ပြန်လှန်တိုက်ဖျက်ခြင်းငှါ မတတ်နိုင်သော ပဋိသန္ဓေနေခြင်း, အိုခြင်း, သေခြင်း စသော ဒုက္ခတရားတို့မှ လွတ်မြောက်မှုကိုသာ လွတ်မြောက်ရေး အစစ်ဟု ဟောတော်မူသည်။ ဤသို့လျှင် သူတို့၏ လွတ်လပ်ရေးနှင့် ဗုဒ္ဓရှင်တော်၏ လွတ်မြောက်ရေးတို့သည် မိုးနှင့် မြေကြီးပမာ ကွာလှမ်းလှသည်။

ငှင်းတို့ စွပ်စွဲချက် နေရာ ကျ, မကျ ကြည့်ကြစို့။ ဗုဒ္ဓရှင်တော်သည် ဆိုခဲ့ပြီးသည့်အတိုင်း ဒုက္ခမှ ထွက်မြောက်မှုကို ရှာသောအခါ လက်ရှိဘဝ၌ တွေ့ကြုံခံစားရသည့် ပဋိသန္ဓေနေခြင်း ဆင်းရဲ, အိုခြင်းဆင်းရဲ, သေခြင်းဆင်းရဲတို့ကို ဘယ်လိုမှ မလုပ်နိုင်ကြောင်းကို အမှန်အတိုင်း သိမြင်တော်မူခဲ့သည်။ အဘယ်မည်သော ပုဂ္ဂိုလ်သည် လူ့ဘဝ၌ တနေ့ထက်တနေ့ အိုနေရခြင်းနှင့် နောက်ဆုံး၌ သေရခြင်းကို တားဆီးနိုင်မည်နည်း? ယင်းသို့ ဘယ်လိုမှ တားဆီးခြင်းငှါ မတတ်နိုင်သော ဒုက္ခကို မတားဆီးနိုင်, ထိုရှိရင်းဒုက္ခမှ မလွတ်မြောက်နိုင်ဟု ပြောသူကို အရှုံးပေး ဝါဒသမားဟု တရားသဖြင့် ဆိုနိုင်ပါမည်လော? မိမိ၏ လက်ရှိအဖေကို အဖေမတော်ချင်ပါဟု မည်မျှပင် ညည်းညူသော်လည်း မတော်ဘဲနေမည်လော? ဒီဘဝတွင် ဒီလူကို အဖေမတော်ချင်လို့ ဘယ်နည်းနှင့်မှ မဖြစ်နိုင်တော့ပြီဟု ပြောသောသူကိုလည်း အရှုံးပေးဝါဒသမားဟု သူတို့ ပြောရဲပါမည်လော?။

တနည်းလည်း မိမိသည် မြန်မာမိဖများမှ မွေးခဲ့၍ မြန်မာလူမျိုးဖြစ်လာရသည်။ ယင်းသို့ မြန်မာဖြစ်ရခြင်းကို မနှစ်သက်၍ ယခုဘဝတွင် အင်္ဂလိပ်လူမျိုး, အမေရိကန်လူမျိုး, ရုရှားလူမျိုးဖြစ်ချင်ပါသည်ဆို၍ ဖြစ်နိုင်ပါဦးမည်လော? ဤဘဝတွင် ဘယ်နည်းနှင့်မှ မဖြစ်နိုင်တော့ပေ။ (နိုင်ငံသားအဖြစ် ခံယူခြင်းသည် နိုင်ငံသားသာ ဖြစ်၍ လူမျိုးပြောင်းလဲ ဖြစ်လာသည် မဟုတ်ရကား ဤ၌ စောဒကတက်ဖွယ် မလိုပေ။)

ယင်းသို့ ယခုဘဝ၌ မဖြစ်နိုင်သည်ကိုပင် “ မဖြစ်နိုင်၊ နောက်ဘဝများတွင်သာ ဖြစ်ကောင်းဖြစ်နိုင်မည်” ဟု ပြောသူကို အရှုံးပေးဝါဒသမားဟု ဆိုချေက မတရားစွပ်စွဲခြင်းသာ ဖြစ်ပေမည်။ မဖြစ်နိုင်၍ မဖြစ်နိုင်ဘူးဟု ဆိုသူကို အပြစ်ရှာကြစတမ်းဆိုလျှင် မည်သူမျှ အပြစ်လွတ်နိုင်တော့မည် မဟုတ်ပေ။ သို့ဖြစ်၍ ၄င်းတို့စွပ်စွဲချက်သည် ဗုဒ္ဓဝါဒကို နားမလည်၍သော်လည်း ဖြစ်ရမည်။ နားလည်သည် ဆိုလျှင်လည်း သက်သက်မဲ့ မိမိတို့၏ တပည့်များကို လမ်းမှားသို့ ပို့ဆောင်ရန် ယုတ်မာသော စိတ်ထားဖြင့် ဇွတ်မျက်စိမှိတ်၍ စွပ်စွဲခြင်းသော်လည်း ဖြစ်ရပေမည်။ သို့ဖြစ်ရကား ၄င်းတို့၏ စွပ်စွဲချက်သည် လူစဥ်မမီသော နုံချာချိနဲ့သော စွပ်စွဲချက်သာ ဖြစ်လေတော့သည်။ ဗုဒ္ဓ၏ ဝါဒသည်ကား လောကကြီးကို ကျကျနန စစ်ဆေးကြည့် သည်။ ပြီးလျှင် လောကကြီး၏ (ဝါ) ဆင်းရဲ၏ အကြောင်းကို ရှာသည်။ နောက်မှ ၄င်းအကြောင်းကို ပယ်သတ်ဖို့ရန် နည်းလမ်း များကို ညွှန်ပြသည်ဖြစ်လေရကား အလွန်အလွန် သဘာဝကျသော ဝါဒသာ ဖြစ်လေတော့သည်။

--x--x--x--

## ဒုက္ခငြိမ်းရေး လမ်းစဉ်အမှန်

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သေယျထိဒံ? သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာ-ကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

မဂ္ဂသစ္စာ ဟောရပုံ

သမားတော်သည် လူနာ၏ ရောဂါကိုလည်းကောင်း၊ ထိုရောဂါဖြစ်ပေါ်လာရခြင်း၏ အကြောင်းကိုလည်းကောင်း သိမြင်အောင် စစ်ဆေး၍ တွေ့ရှိပြီး ရောဂါပျောက်ကင်းခြင်း၏ အကျိုးများကို လူနာအား ပြောပြပြီးပါက ထိုရောဂါကို ပျောက်စေနိုင်သောဆေးစွမ်းကောင်းကို ပေးမည်မှာ ဓမ္မတာဖြစ်သကဲ့သို့ ဗုဒ္ဓရှင်တော်သည်လည်း ဒုက္ခရောဂါ ဖိစီးနှိပ်စက်ခံရသော လူနာဖြစ်သည့် သတ္တဝါတို့အား ဒုက္ခဟူသော ရောဂါ, တဏှာ ဟူသော ဒုက္ခရောဂါ၏ အကြောင်း၊ ဒုက္ခချုပ်ငြိမ်းလျှင် ရရှိအံ့သော နိဗ္ဗာန်ဟူသော အကျိုးတို့ကို ဟောတော်မူပြီးနောက် ဆေးစွမ်းကောင်းနှင့်တူသော မဂ္ဂသစ္စာ (= နိဗ္ဗာန်ရကြောင်းလမ်းစဉ်) ကို ဟောပြတော်မူလေသည်။

လူနာရောဂါပျောက်ရေးတွင် ဆေးသည် အရေးကြီးသလို သတ္တဝါတို့၏ဒုက္ခရောဂါ ပျောက်ရေးတွင်လည်း မဂ္ဂသစ္စာသည် အရေးကြီးလှပေသည်။ ဤမဂ္ဂသစ္စာကိုသာ မဟောခဲ့ပါက ရှေ့ကဆို ခဲ့ပြီး သစ္စာ ၃-ပါးသည် အဓိပ္ပါယ်ရှိတော့မည် မဟုတ်ပေ။ ဒုက္ခမှ လွတ်မြောက်ရေးကို တကယ်တမ်း လိုချင်လာအောင် ဟောပြောပြီး ကာမှ ထိုလွတ်မြောက်ရေးကို ရအောင်လုပ်နည်းကို မဟောပြခဲ့ပါက တရားနာပရိသတ်ကို နှိပ်စက် ညှဉ်းပန်းရာသာ ရောက်ပေလိမ့်မည်။ ထို့ကြောင့် သတ္တဝါတို့အား "သင်တို့သည် ဒုက္ခမှ လွတ်မြောက်လိုလျှင် ဤလမ်းစဉ်ကို လိုက်ကြလေ" ဟု ညွှန်ပြလို၍ သစ္စာ ၄-ပါးတွင် အထွတ်နှင့်တူသည့် မဂ္ဂသစ္စာကို ဟောပြတော်မူရလေသည်။ ဤ မဂ္ဂသစ္စာဟူသည်မှာလည်း အခြားမဟုတ်၊ တရားဦးအစတွင် ဟောခဲ့ သည့် မဇ္ဈိမပဋိပဒါခေါ် အလယ်အလတ် လမ်းစဉ်ပင် ဖြစ်ပေသည်။

မဂ္ဂင်ရှစ်ပါး

သမားတော်ကြီးပေးသော ဆေးတွင် ဆေးမြစ်အများ စု ပေါင်းထားသလိုပင် ဗုဒ္ဓရှင်တော်က ပေးသော မဂ္ဂသစ္စာတွင်လည်း အစိတ်အပိုင်း ရှစ်မျိုးပါဝင်လေသည်။ ဆေး၌ပါသော ဆေးအမယ် များကို ဆေး၏အစိတ်အပိုင်းဟု ခေါ်ရသလို၊ မဂ္ဂသစ္စာ၌ ပါဝင်သော တရားရှစ်မျိုးကိုလည်း မဂ်၏ အစိတ်အပိုင်း အင်္ဂါ (ဝါ) မဂ္ဂင်ဟု ခေါ်ဆိုရလေသည်။ ထို့ကြောင့် မဂ္ဂသစ္စာဟူသည် အခြားမဟုတ်၊ မဂ္ဂင်ရှစ်ပါး တရားများပင် ဖြစ်လေတော့သည်။

တစုံတခုသော ကိစ္စကို ပြုလုပ်လိုလျှင် ရှေးဦးစွာ ထိုကိစ္စနှင့် ပတ်သက်၍ အမြင်မှန်ရဖို့ အရေးကြီးသည်။ အမြင်မှန် မရဘဲလုပ်လျှင် အလွဲလွဲ အချော်ချော်သာ ဖြစ်ပေလိမ့်မည်။ ထို့ အဝှပင် နိဗ္ဗာန်ကို ရဖို့ရန် အားထုတ်ရာ၌လည်း နိဗ္ဗာန်အပါအဝင် သစ္စာ ၄-ပါးနှင့်စပ်၍ အမြင်မှန်ရှိဖို့ ရှေးဦးစွာ အားထုတ်ရပေမည်။ ယင်း အမြင်မှန်ဟူသည်လည်း မှန်ကန်သော စဉ်းစားဆင်ခြင် ကြံစည်မှု ပေါ်မှာ အခြေပြုရသည်။ စဉ်းစား ဆင်ခြင်မှုက လမ်းမှန်ကျမှသာ လျှင် မိမိ၏အမြင်ကလည်း မှန်ပေလိမ့်မည်။ ထိုမှန်ကန်သော စဉ်းစားဆင်ခြင်မှုသည် အမြင်မှန်ရဖို့ရန်သာ မဟုတ်သေး၊ အပြောမှန် ဖြစ်ဖို့လည်း သူကပင် ကျေးဇူးပြုသည်။ အကြံအစည် မှန်ကန်မှသာ စကားမှန်လည်း ထွက်ပေါ်လာနိုင်ပေသည်။ စကားမှန်မှလည်း အလုပ်မှန်ကန်နိုင်ပေသည်။

လူတို့မည်သည် ကိစ္စတခုကို ပြုလုပ်မည်ဟု စိတ်ကူး ပြောဆိုပြီးမှသာ အလုပ်ကို လုပ်ကြရကား အပြောအဆို မမှန်ပါကလည်း အလုပ်လည်း မှန်နိုင်ဖွယ် မရှိတော့ပေ။ အပြောမှန်, အလုပ်မှန်ဖြစ်မှလည်း မိမိ အသက်မွေးမှု မှန်ပေလိမ့်မည်။ စင်ကြယ်သော အပြစ်ကင်းသော အသက်မွေးမှု ရှိမှလည်း ကိုယ့်ကိုယ်ကို လေးစား၍ အထက်တန်းသို့ တက်လှမ်းနိုင်ပေလိမ့်မည်။

ယင်းသို့ အပြောမှန် အလုပ်မှန် အသက်မွေးမှုမှန် ဖြစ်ရုံမျှဖြင့်လည်း မကျေနပ်ထိုက်သေး။ မိမိ လိုချင်သော အရာဝတ္ထုကို

ရအောင် ကြိုးစားအားထုတ်မှုလည်း ရှိရပေဦးမည်။ ထိုသို့ ကြိုးစားရာတွင်လည်း အမှတ်ရမှု ဟူသော သတိရှိမှသာ ဖြစ်နိုင်ရကား ယင်းသတိကိုလည်း ထူထောင်ရပေမည်။ သတိ အဖြစ်များမှလည်း စိတ်၏စူးစိုက်တည်ကြည်မှုကို ရနိုင်ပေမည်။ သတိအဖြစ်နည်း၍ စိတ်ပျံ့လွင့်နေလျှင် စိတ်တည်ကြည်မှုကို ရနိုင်မည် မဟုတ်ပေ။ စိတ်တည်ကြည်မှုရှိမှလည်း အမြင်မှန် ရနိုင်သော စခန်းသို့ တက်လှမ်းနိုင်ပေမည်။ စူးစိုက်တည်ကြည်မှု မရှိလျှင် မည်သည့် အလုပ်ကိစ္စကိုမျှ အပြီးတိုင်ဆောင်ရွက်နိုင်မည် မဟုတ်ပေ။ သို့ဖြစ်ရကား ဗုဒ္ဓရှင်တော်သည် ဘဝမှ ထွက်မြောက်ရေး လုပ်ငန်းအတွက် လိုအပ်သော အချက်အလက်များကို ရှာဖွေရာ ဤတရားရှစ်ပါးကိုပင် တွေ့တော်မူသည်။ ဤတရား ရှစ်ပါးဖြင့်ပင် ပြည့်စုံလုံလောက်ပြီ ဖြစ်ရကား ကိုယ်တော်မြတ်၏ မဂ္ဂသစ္စာကို ဤတရားရှစ်ပါးဖြင့်သာ တည်ဆောက်တော်မူခဲ့လေသည်။

ထိုရှစ်ပါးတွင် သမ္မာဒိဋ္ဌိခေါ်သော အမြင်မှန် ဟူသည်မှာ ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂဟူသော သစ္စာ ၄-ပါးကို ပိုင်ပိုင်နိုင်နိုင် ထိုးထွင်း၍ သိခြင်းကို ဆိုလိုပေသည်။ သမ္မာသင်္ကပ္ပခေါ် မှန်ကန်သော အကြံအစည်ဆိုသည်မှာ ရဟန်း, သာမဏေ, သီလရှင်ပြုဖို့ကြံစည်ခြင်း, နိဗ္ဗာန်ကို အာရုံပြုသော ကြံစည်ခြင်း, မေတ္တာဖြင့် ကြံစည်စဉ်းစားခြင်း, သတ္တာတွေကို မညှဉ်းဆဲလိုသော ကရုဏာနှင့်ယှဉ်သော ကြံစည်ခြင်းတို့ကို ဆိုလိုသည်။

သမ္မာဝါစာခေါ် မှန်ကန်သော စကားဆိုသည်မှာ လိမ်၍ မပြောခြင်း, ရန်တိုက်စကားမပြောကြားခြင်း, ကြမ်းတမ်းစွာ မပြောခြင်း, မဆဲဆိုခြင်း, အကျိုးမရှိသော စကားမျိုးကို မပြောဆိုခြင်းတို့အပြင် ၎င်းတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သော မှန်ကန်စွာပြောခြင်း, ရန်ပြေငြိမ်းကြောင်းစကားကို ပြောခြင်း, နူးညံ့ သိမ်မွေ့စွာ ပြောဆိုခြင်း, အကျိုးရှိရာရှိကြောင်း ဖြစ်သော မဂ်ဖိုလ်နှင့်စပ်သော စကားကို ပြောခြင်းကိုပင် ဖြစ်ပေသည်။

သမ္မာကမ္မန္တခေါ် မှန်သောအလုပ်ဟူသည်ကား သူ့အသက်ကို သတ်ခြင်း, သူ့ဥစ္စာကို ခိုးခြင်း, သူတပါး သားမယားကို ပြစ်မှားကျူးလွန်ခြင်းဟူသော ဤအကျင့်ဆိုး ၃-မျိုးမှ ရှောင်ကြဉ်ခြင်းဖြစ်၍ သမ္မာအာဇီဝခေါ် မှန်ကန်သော အသက်မွေးမှုဟူသည်မှာ တံငါမုဆိုးလုပ်ခြင်း, လက်နက် စသည်ရောင်းဝယ်ခြင်း, လိမ်လည်၍ စီးပွားရှာခြင်း စသော တရားနည်းလမ်းမကျသော အသက်မွေးမှုမျိုးကို ရှောင်ကြဉ်၍ ကောင်းရောင်းကောင်းဝယ်, ကုန်သွယ်လယ်လုပ်ခြင်း, အစိုးရအမှုထမ်း စသည်ဖြစ်လျှင်လည်း ဝတ်တရားကို ကျေပွန်စွာ ထမ်းဆောင်ခြင်း စသည်တို့ကို ဆိုလိုပေသည်။

သမ္မဝါယာမခေါ် မှန်ကန်သော အားထုတ်မှုဆိုသည်မှာ မဖြစ်ပေါ်သေးသော အကုသိုလ် တရားတို့ ဖြစ်ပေါ်၍မလာအောင် ကြိုးစားခြင်း, ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို နောင်တဖန် ပွားပန်၍မနေဘဲ ပယ်ဖျောက်ဖို့ ကြိုးစားခြင်း, မဖြစ်သေးသော ကုသိုလ်

တရားတွေ ဖြစ်လာအောင် ကြိုးစားခြင်းနှင့် ဖြစ်ပြီးသော ကုသိုလ်တရားတွေ အထပ်ထပ် ပွားများလာအောင် ကြိုးစားခြင်း ဤ ၄-မျိုးကို ဆိုလိုသည်။

သမ္မာသတိခေါ် မှန်ကန်သော အမှတ်ရနေမှုဟူသည် ခန္ဓာကိုယ်ဖြင့် ဖြစ်စေ, နှုတ်ဖြင့်ဖြစ်စေ, စိတ်ဖြင့် ဖြစ်စေ လုပ်ကိုင်ပြောဆိုစဉ်းစားသမျှတွေကို အချက်ကျကျ သတိဖြင့် မှတ်သားနေမှုမျိုးကို ဆိုလိုပေသည်။ အချုပ်အားဖြင့်ကား သတိပဋ္ဌာန် ၄-ပါးပင် ဖြစ်တော့သည်။

သမ္မာသမာဓိခေါ် မှန်ကန်သော စိတ်တည်ကြည်မှု ဆိုသည်ကား ကမ္မဋ္ဌာန်းထိုင်၍ အတော်အဆင့်အတန်း မြင့်ယာသောအခါ မိမိ၏အတွင်းသန္တာန်၌ ဈာန်စိတ်များ ဖြစ်ပေါ်နေခြင်းပင် ဖြစ်သည်။ ယင်းသို့ ဈာန်စိတ်များ ဖြစ်ပေါ်နေလျှင် စိတ်သည် အလွန်တည်ကြည်ငြိမ်သက်၍ အထက်အဆင့်များသို့ လွယ်ကူစွာ တက်လှမ်းသွားနိုင်ပေသည်။

မဂ္ဂင်အစစ်

အထက်ပါ မဂ္ဂင်တရားများကို ကြည့်လျှင် အချို့သော မဂ္ဂင်တရားတို့ စာဖတ်သူ၏ သန္တာန်မှာ အထိုက်အလျောက် ဖြစ်ပေါ်ဖူးကြသည်ကို တွေ့ရပေလိမ့်မည်။ သို့သော် ဤသို့ သာမန်ဖြစ်ကာမျှဖြင့်ကား ကျေနပ်တင်းတိမ်၍ မနေသင့်ပေ။ အမှန်အတိုင်း ပြောရလျှင်

သောတာပတ္တိမဂ်စိတ် စသော မဂ်စိတ်များနှင့် ယှဉ်၍ဖြစ်သော မဂ္ဂင် တရားများကိုသာ မဂ္ဂသစ္စာ အစစ်အမှန်ဟု ဆိုရလေသည်။ မဂ်စိတ် ဆိုသည်မှာလည်း ဝိပဿနာ ကမ္မဋ္ဌာန်းအားထုတ်၍ အဆင့်ဆင့် တက်ပြီး အမြင့်ဆုံးအခြေတွင် ဖြစ်ပေါ်လာသော စိတ်ထူးဖြစ်ပေ သည်။ ၎င်းမဂ်စိတ်ဖြစ်ပေါ်သော အချိန်ကာလသည်လည်း တစက္ကန့် မျှပင် ကြာသည်မဟုတ်ပေ။ မဂ်စိတ်ဖြစ်ပြီးလျှင်လည်း ဖိုလ်စိတ်သည် ဆက်လက်၍အကြားမရှိ ဖြစ်လေတော့သည်။

ယင်းသို့ မဂ်စိတ် ဖိုလ်စိတ်များ မိမိသန္တာန်၌ ဖြစ်သည်နှင့် တပြိုင်နက် မိမိလည်း ပုထုဇဉ်ဟူသော အဆင့်အတန်းကို ကျော်လွန် ၍ အရိယာဟူသော အဆင့်အတန်းသို့ ရောက်သွားလေတော့သည်။ အမြင့်ဆုံးအားဖြင့် ရဟန္တာ အထိပင် ဖြစ်နိုင်ပေသည်။ ရဟန္တာဖြစ် လျှင်လည်း တဏှာ စသော ကိလေသာ တရားတွေ အကုန်ချုပ်ငြိမ်း ကြရကား အရဟတ္တ မဂ်စိတ်၌ရှိသော မဂ္ဂင်ရှစ်ပါးသည် တဏှာ၏ ချုပ်ငြိမ်းရာ နိရောဓ သစ္စာသို့ ဧကန် ပို့ဆောင်တတ်ပေသည်။ ထို့ကြောင့်ပင် ဤမဂ္ဂင် ရှစ်ပါးကို " ဒုက္ခနိရောဓဂါမိနီပဋိပဒါ- ဒုက္ခချုပ်ရာသို့ ရောက်စေ တတ်သောအကျင့်" ဟု ဟောတော်မူပေ သည်။

## ပုထုဇဉ် နှင့် မဂ္ဂသစ္စာ

ယင်းသို့လျှင် မဂ်စိတ်၌ရှိသော မဂ္ဂင်တရားကိုသာ မဂ္ဂသစ္စာ (ဝါ) ဒုက္ခမှ ထွက်မြောက်ကြောင်း အလယ် အလတ် လမ်းစဉ်ဟု

ဆိုလျှင် ပုထုဇဉ်တို့သည် အဘယ်သို့လျှင် မဂ္ဂသစ္စာကို ပွားနိုင်ပါမည်နည်း? မဇ္ဈိမပဋိပဒါခေါ် အလယ်အလတ် လမ်းစဉ်ကို မည်သို့လိုက်နိုင်ပါမည်နည်း? ဤ မဇ္ဈိမပဋိပဒါ လမ်းစဉ်သည် လက်တွေ့ကျင့်သုံး၍မရသော လမ်းစဉ်ကြီးဖြစ်၍ မနေပါလော?ဟု မေးလိုကြပေလိမ့်ဦးမည်။ အဖြေကား- "မဂ္ဂသစ္စာကို ပုထုဇဉ်အဖြစ် ဖြင့်လည်း ပွားများနိုင်ပါသည်။ ထို့ကြောင့် လက်တွေ့ကျင့်သုံး၍ ရသော လမ်းစဉ်သာဖြစ်ပါသည်" ဟူသည်တည်း။

ခဲ့ဦးအံ့။ နိရောဓသစ္စာကို ဧကန်မချွတ် မလွဲပို့ဆောင်မည့် တရားကိုသာ ရည်ရွယ်၍ မဂ်စိတ်ရှိ မဂ္ဂင်ရှစ်ပါးကို မဂ္ဂသစ္စာဟု ဆိုရသည်။ အမှန်မှာ မဂ္ဂသစ္စာအစစ်သို့ ရောက်နိုင်ရန် ပုဗ္ဗဘာဂပဋိပဒါ ခေါ်သော ရှေ့ပြေးအကျင့်တွေရှိပေသေးသည်။ ထိုအကျင့်တို့ကိုလည်း နိရောဓသစ္စာသို့ ပို့ဆောင်တတ်သောကြောင့် မဂ္ဂင်တရားဟုပင် ခေါ်ရပေသည်။

သို့ဖြစ်၍ မဂ္ဂသစ္စာအစစ်ဖြစ်သော သမ္မာဒိဋ္ဌိ မိမိ၏ သန္တာန်၌ မဖြစ်ပေါ်သေးလျှင် လောကီသမ္မာဒိဋ္ဌိဖြစ်သော ကံ ကံ၏အကျိုးကို ယုံကြည်မှုဟူသော ကမ္မဿကတာဉာဏ်နှင့် နာမ်ရုပ်တရားတို့၏ အမြဲမရှိပုံ, ဆင်းရဲပုံ, အနှစ်သာရမရှိပုံကို ဆင်ခြင်ပွားများ သိမြင်သော ဝိပဿနာ သမ္မာဒိဋ္ဌိတို့ကို ရှေးဦးစွာ ဖြစ်ပေါ်အောင် အားထုတ်ကြရပေမည်။ လောကီမဂ္ဂင်သည် လောကုတ္တရာမဂ္ဂင်၏ ရှေ့ပြေးဖြစ်၍ ၎င်းမရှိလျှင် လောကုတ္တရာမဂ္ဂင်လည်း ပေါ်လာနိုင်ဖွယ်ပင် မရှိပေ။

ထို့အတူပင် သမ္မာသက်ပွစသော တရားတို့ကိုလည်း အစွမ်းကုန်ဖြစ်စေမှုကို ရည်ရွယ်၍ "မဂ်စိတ်နှင့် ယှဉ်တွဲဖြစ်ပေါ်သော တရားများသည်သာ မဂ္ဂင်အစစ်ဖြစ်သည်"ဟု ဆိုရသည်။ အမှန်မှာ မိမိတို့ စွမ်းနိုင်သမျှ ကြိုးစားအားထုတ်နေလျှင်လည်း မဂ္ဂင်တရားတွေကို ပွားများနေသည်ဟုပင် ဆိုနိုင်လေတော့သည်။

ဥပမာ- ကျွန်ုပ်တို့သည် အမြဲတမ်းကောင်းမြတ်သော အကြံအစည်ကိုချည်းသာ ကြံနေမည်မဟုတ်။ တခါတရံ သူတပါးကို ညှဉ်းဆဲဖို့ အကြံတွေကိုလည်း ကြံမိကောင်း ကြံမိပေမည်။ သို့သော်လည်း မိမိတတ်နိုင်သလောက် ကြိုးစား၍ ကောင်းသောအကြံကိုသာ ကြံနေလျှင် မိမိလဲ စိတ်ချမ်းသာ, မဂ္ဂင်တရားကိုလည်း ပွားများရာရောက်ပေသည်။

ထို့အတူပင် နောက်နောက် မဂ္ဂင်များ၌လည်း မိမိတို့တတ်နိုင်သဘောက် ကြိုးစား၍ လိမ်ပြောခြင်း စသည်ကို ရှောင်ကြဉ်ခြင်း, သူ့အသက်သတ်ခြင်း စသည်ကို ရှောင်ကြဉ်ခြင်း, မတရားအသက်မွေးမှုကို မပြုခြင်း, အကုသိုလ်နည်း၍ကုသိုလ်များအောင် ကြိုးစားခြင်း, သတိပဋ္ဌာန်တရားကို စွမ်းအားရှိသလောက် ကြိုးစားပွားများခြင်း, စိတ်တည်ကြည်မှုရအောင် ပြုလုပ်ခြင်း စသည်ကို လုပ်လျှင်လည်း သမ္မာဝါစာ စသော မဂ္ဂင်တရားများကို ပွားနေသည်, မရှိမပင္ဍိုပဒါခေါ် အလယ်အလတ်လမ်းစဉ်ကို လိုက်နေသည် မည်

တော့သည်ပင်။ သို့သော်လည်း မည့်သည့်လမ်းစဉ်မဆို အင်တိုက် အားတိုက် လိုက်နာမှသာ လိုရာခရီးရောက်သလို၊ မဂ္ဂင်တရားကို လည်း အင်တိုက် အားတိုက် ကြိုးစားပွားများမှသာ နိဗ္ဗာန်နှင့် နီးမည် ဟူသော အချက်ကိုလည်း သတိပြုသင့်လှပေသည်။

မဂ္ဂင်အကျဉ်း

အထက်၌ ပြခဲ့သော မဂ္ဂင်ရှစ်ပါးဟူသည်လည်း အကျဉ်းချုပ် အားဖြင့် ဆိုရလျှင် သီလ, မသာဓိ, ပညာဟု ၃-မျိုးသာဖြစ်လေသည်။ အလယ် ၃-ခုဖြစ်သော သမ္မာဝါစာ, သမ္မာကမ္မန္တနှင့် သမ္မာအာဇီဝ တို့မှာ ကိုယ်နှင့်နှုတ်ကို ဆုံးမစောင့်စည်းသော အလုပ်ဖြစ်၍ သီလ တရားများပင် ဖြစ်သည်။ နောက်ဆုံး ၃-ခုဖြစ်သော သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိတို့ကား စိတ်တည်ကြည်မှုအတွက် ပြုလုပ် ရသော တရားများဖြစ်၍ သမာဓိနယ်တွင် ပါဝင်ပြီး၊ အစ ၂-ခုဖြစ် သော သမ္မာဒိဋ္ဌိနှင့် သမ္မာ သင်္ကပ္ပတို့ကား ကိလေသာကို အပြီးသတ် ဖျက်ဆီးနိုင်သည့် ပညာပိုင်းဆိုင်ရာ ဖြစ်လေသည်။

သို့ဖြစ်၍ အခါ အားလျော်စွာ သီလဆောက်တည်ခြင်း, ပုတီးစိပ်ခြင်း, ကမ္မဋ္ဌာန်း ထိုင်ခြင်း အလုပ်များလည်း မဂ္ဂင်ရှစ်ပါး အပါအဝင်ပင် ဖြစ်၍ ထို ကောင်းသော အမှုများကို ပြုလုပ်နေလျှင် မဂ္ဂင်ရှစ်ပါးကို ကျင့်သုံးသည် မည်လေတော့သည်။

ဤသို့လျှင် မဂ္ဂသစ္စာသည် သစ္စာ ၄-ပါးတွင် အရေးအကြီးဆုံးဖြစ်ရကား ဒုက္ခတရားကို ကောင်းကောင်းကြီး သိမြင်၍ သမုဒယသစ္စာခေါ် သော တဏှာကိုပယ်ဖျက်ရန်နှင့် နိရောဓသစ္စာခေါ် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန် အလို့ငှါ " ရေနစ်နေသူသည် ကယ်ဆယ်ရန် လှမ်းလင့်သော လက်ကို မြဲမြံစွာ ဆွဲကိုင်သကဲ့သို့" ဤအကျင့်မှန်ဖြစ်သော မဂ္ဂင်ရှစ်ပါး လမ်းစဉ်ကို စွဲမြဲစွာ လေ့လာကျင့်သုံး အားထုတ်သင့်ကြပေသည်။

--x--x--x--

# သစ္စာသိပုံ ဉာဏ်မျိုးစုံ

ဗုဒ္ဓရှင်တော်သည် သစ္စာ ၄-ပါးကို ကိုယ်တော်တိုင် သိမြင်တော်မူပြီးမှသာ ကောဏ္ဍညစသော သာဝက ငါးဦးအား တရားဦးအဖြစ်ဖြင့် ဟောကြားတော်မူခဲ့သည်။ ယင်းသို့ သိတော်မူရာတွင် သာမန်ထိုးထွင်း သိရုံမျှ မဟုတ်ဘဲ သစ္စာတပါးတပါးတွင် ဉာဏ် ၃-မျိုး၊ ၃-မျိုး စိတ်ဖြာ၍ ကျယ်ဝန်းစွာ သိတော်မူခဲ့ခြင်း ဖြစ်ပေသည်။ ယင်းသို့ စိတ်ဖြာ၍ သိသော ဉာဏ်တော်ဆိုသည်မှာလည်း ဘုရားမဖြစ်မီ ရှေးအခါက ကြားရုံမျှပင် မကြားဖူးသော သစ္စာလေးပါးတရားတို့၌ ပညာမျက်စိ ပွင့်လင်းခြင်းပင် ဖြစ်သည်၊ အသိဉာဏ်တရား ထင်ထင်ရှားရှားဖြစ်ခြင်းပင် ဖြစ်သည်၊ အမျိုးမျိုး အဖုံဖုံ သိတော်မူခြင်းလည်း ဖြစ်၏။ သိသင့် သိထိုက်သမျှ အလုံးစုံကို သိမြင်ခြင်းလည်း ဖြစ်၏။ အသိဉာဏ်အလင်းရောင်ကြီး ထင်ရှားပေါ်ပေါက်လာခြင်းလည်း ဖြစ်တော့သည်။

ခွဲခြမ်း စိတ်ဖြာ၍ သိတော်မူပုံကား ဒုက္ခသစ္စာ၌-

၁။ 'ဤတရားသည် ဆင်းရဲခြင်း အမှန်တရားတည်း' ဟုလည်းကောင်း၊

၂။ 'ဤဒုက္ခတရားသည် ပိုင်ပိုင်နိုင်နိုင် ပိုင်းခြား၍ သိရမည့် တရားတည်း' ဟု လည်းကောင်း၊

၃။ 'ဤကဲ့သို့ ပိုင်းခြား၍ သိရမည့် ဒုက္ခသစ္စာ တရားကို ငါသည် ပိုင်ပိုင်နိုင်နိုင် ပိုင်းခြား၍ သိခဲ့ပြီ'ဟု လည်းကောင်း-

ဤသို့ ၃-မျိုးစိတ်ဖြာ၍ သိတော်မူလေသည်။

ဋ္ဌင်းသိပုံ (ဝါ) ဉာဏ်တော် ၃-မျိုးတွင်-

နံပါတ် (၁) ဉာဏ်ကို 'သစ္စဉာဏ် (သစ္စာတရား အမှန်တရားဟု သိသော ဉာဏ်)ဟု လည်းကောင်း၊

နံပါတ်(၂) ဉာဏ်ကို 'ကိစ္စဉာဏ်' (သစ္စာတရား၌ ပြုလုပ်ရမည့် ကိစ္စကို သိသောဉာဏ်)၊

နံပါတ် (၃) ဉာဏ်ကို 'ကတဉာဏ်' (သစ္စာတရား၌ ပြုလုပ်ရမည့်ကိစ္စကို ပြုလုပ်ပြီးပြီဟု သိသောဉာဏ်) ဟု လည်းကောင်း-

အသီးသီး ခေါ်ဝေါ်လေသည်။ (နောက် သစ္စာများ၌လည်း ဤနည်းအတူပင် မှတ်ပါ။)

သမုဒယသစ္စာ၌-

၁။ 'ဤတဏှာသည် ဒုက္ခ၏အကြောင်းတရားအမှန်' ဟု လည်းကောင်း၊

၂။ 'ဤတဏှာသည် ပယ်စွန့်ရမည့် တရားဖြစ်သည်' ဟု လည်းကောင်း၊

၃။ 'ဤပယ်စွန့်ရမည့် တဏှာတရားကို ငါသည် ပယ်စွန့်ပြီးခဲ့ပြီ ဟု လည်းကောင်း-

သိတော်မူသည်။

နိရောဓသစ္စာ၌လည်း-

၁။ 'ဤနိဗ္ဗာန်တရားသည် ဒုက္ခ၏အပြီးသတ် ချုပ်ငြိမ်းခြင်း တရား အမှန်' ဟု လည်းကောင်း၊

၂။ 'ဤနိဗ္ဗာန်တရားသည် မျက်မှောက်ပြုရမည့် ကိုယ်တိုင် ထိုးထွင်း ၍ သိရမည့်တရားဖြစ်သည်'ဟု လည်းကောင်း၊

၃။ ယင်းသို့ မျက်မှောက်ပြုရမည့် နိဗ္ဗာန်တရားကို ငါသည် မျက်မှောက်ပြုပြီးခဲ့ပြီ'ဟု လည်းကောင်း-

သိတော်မူသည်။

ထို့အတူ မဂ္ဂသစ္စာ၌လည်း-

၁။ 'ဤမဂ္ဂင်ရှစ်ပါးသည် ဒုက္ခငြိမ်းရာသို့ ပို့ဆောင်တတ်သော တရားအမှန်'ဟု လည်းကောင်း၊

၂။ 'ဤမဂ္ဂင်ရှစ်ပါး တရားသည် ပွားများအောင် အားထုတ်ရမည့် တရားဖြစ်သည်' ဟု လည်းကောင်း၊

၃။ 'ဤပွားများအောင် အားထုတ်ရမည့် မဂ္ဂင်ရှစ်ပါး တရားကို ငါသည် ပွားများအောင် လုပ်ခဲ့ပြီ' ဟု လည်းကောင်း-

သိတော်မူလေသည်။

ဤသို့လျှင် သစ္စာတပါး တပါး၌ အမှန်တရားဟု သိသော ဉာဏ်, ပြုရမည့်ကိစ္စကို သိသောဉာဏ်, ၄င်းကိစ္စကို ပြုပြီးပြီဟု သိသောဉာဏ်အားဖြင့် ၃-မျိုးစီ ဖြစ်ရကား ၃-မျိုးလေးလီ ပေါင်း လိုက်လျှင် သစ္စာ ၄-ပါး၌ ဉာဏ် ၁၂-ပါး ရလာလေသည်။

မှတ်ကျောက်ပမာ သုံးစရာ

ဗုဒ္ဓရှင်တော်သည် အထက်ပါ ဉာဏ် ၁၂-မျိုး ဖြစ်ပုံကို ဟောပြတော်မူပြီးနောက် ဆက်လက်၍ " ချစ်သားတို့-- ငါသည် ဤသစ္စာ ၄-ပါးတရားကို ၃-မျိုးလေးလီအားဖြင့် ၁၂-မျိုး ခွဲခြမ်း စိတ်ဖြာ၍သိသော အသိဉာဏ်ကို မရသေးသမျှ၊ ယင်းအသိဉာဏ် ကောင်းကောင်းကြီး မစင်ကြယ်သေးသမျှ၊ နတ်, လူ, ပြဟ္မာ စသည် တို့နှင့်တကွဖြစ်သော ဤလောကကြီး၌ အမြင့်မြတ်ဆုံး ဖြစ်သော တရားခပ်သိမ်းကို ကိုယ်တိုင် အမှန်အတိုင်း သိသော အသိဉာဏ်ကို ရပြီ (ဝါ) ဘုရားဖြစ်ပြီဟု ဝန်မခံခဲ့ပေ။ ဆိုဆိုခဲ့ပြီး အသိဉာဏ်ကို ပိုင်ပိုင်နိုင်နိုင် သန့်သန့်ရှင်းရှင်းကြီး ရပြီးသောအခါမှစ၍သာလျှင် ဘုရားဖြစ်ပြီဟု ဝန်ခံခဲ့သည်" ဟု ဟောတော်မူသည်။

ဤစကားဖြင့် 'သစ္စာ ၄-ပါးကို ၁၂-မျိုး စိတ်ဖြာ၍ ပိုင်ပိုင် နိုင်နိုင် သိသောပုဂ္ဂိုလ်မှသာ လောကတွင် သမ္မာသမ္ဗုဒ္ဓ ဟူသော ဘွဲ့ထူးကို ခံယူထိုက်သည်' ဟူသော အဓိပ္ပါယ်သို့လည်း သိစေတော် မူသည်ပင် ဖြစ်သည်။

ယင်းသို့ မိန့်တော်မူခဲ့သော ဗုဒ္ဓမြတ်စွာသည် ဗုဒ္ဓဘာသာဝင် နှင့်တကွ သတ္တဝါ အားလုံးတို့အား စစ်ဆေး စမ်းသပ်ကြည့်စရာ မှတ်ကျောက်တခု, လက်နက် ကိရိယာကောင်းတခု ပေးအပ်ခဲ့ခြင်း ပင် ဖြစ်ပေသည်။ မည်သူပင်ဖြစ်စေ ကိုယ့်ကိုယ်ကို ဘုရားဟု ဝန်ခံ လာသော သူမျိုးကို 'သင်သည် သစ္စာ ၄-ပါးကို သိ၏လော? ထိုသစ္စာ

၄-ပါး တရားကို ၁၂-မျိုး ၁၂-ဖုံ ခွဲခြမ်းစိတ်ဖြာ၍ ထိုးထွင်းသိမြင်ခဲ့ပြီလော? ဟု မေးကြည့်၍ 'မသိဘူး'ဟု ဆိုလျှင် 'ထိုသူသည် ကေန္တ ဘုရားအစစ်မဟုတ်၊ အတုသာ ဖြစ်သည်'ဟု ပိုင်ပိုင်ကြီး ဆုံးဖြတ်ရပေမည်။

သည်သာမကသေး။ မည်သူ၏ တရားကိုမဆို တရားစစ် တရားမှန် ဟုတ်, မဟုတ် စစ်ဆေးလိုလျှင်လည်း ဤ သစ္စာ ၄-ပါး ဒေသနာ လက်နက်ကိရိယာ ကောင်းကိုပင် သုံးရပေမည်။ မည်သည့် တရားတွင်မဆို သစ္စာ ၄-ပါး တရားမျိုး ရှိ,မရှိ စစ်ဆေး၍ မရှိလျှင် တရားစစ် တရားမှန် မဟုတ်ဟု ရဲရဲကြီး ဆုံးဖြတ်နိုင်ပေသည်။ သို့ဖြစ်ရကား သစ္စာ ၄-ပါးတရားတော်သည် ဘုရားစစ် ဟုတ်, မဟုတ်၊ တရားစစ် ဟုတ်, မဟုတ် စစ်ဆေး စမ်းသပ်ဖို့ရန် လက်နက်ကိရိယာ ကောင်းကြီး တခုလည်း ဖြစ်ပါပေသည်။

## ပစ္စဝေက္ခဏာဉာဏ်

သစ္စာ ၄-ပါးတရားကို ကျနစွာ သိတော်မူပြီးသည့်နောက် ကိုယ်တော်မြတ်သန္တာန်၌ ဖြစ်ပေါ်ခဲ့သည့် ဆင်ခြင်သော (ပစ္စဝေက္ခဏာ) ဉာဏ်တော် ဖြစ်ပုံကိုလည်း ဆက်လက်၍ တရားဦးတွင် ဟောတော်မူပြန်သည်။ ထိုဉာဏ်ဖြစ်ပုံကား " သစ္စာ ၄-ပါးကို သိပြီး၍ ကိလေသာတို့မှ ငါ၏ လွတ်မြောက်ခြင်းသည် ဘယ်သောအခါမျှ

မပျက်စီးနိုင်ပြီ။ ဤဘဝသည် ငါ့အဖို့ နောက်ဆုံးဖြစ်သော ဘဝ တည်း။ နောင်တဖန် ဘဝသစ်၌ ဖြစ်ခြင်း ငါ့မှာမရှိတော့ပြီ" ဟူသည် တည်း။

သစ္စာလေးပါးကို အရဟတ္တမဂ်ဖြင့် ထိုးထွင်း၍ သိသည်နှင့် တပြိုင်နက် တဏှာ အစရှိသော ကိလေသာတို့ကိုလည်း နောင်ဘယ် အခါတွင်မျှ ဖြစ်ပေါ်မလာအောင် အပြီးသတ် ပယ်ဖျောက် သတ်ဖြတ် ပြီး ဖြစ်တော့သည်။ ထိုသို့ ကိလေသာ အားလုံးကို နောင်အခါ ပြန် မလာနိုင်အောင် ပယ်သတ်လိုက်ရ၍လည်း ထိုကိလေသာတို့မှ လွတ်မြောက်မှုသည် မပျက်စီးနိုင်သော လွတ်မြောက်မှု ဖြစ်တော့ သည်။ ယင်းသို့ တဏှာစသော ကိလေသာတွေကို အကြွင်းမဲ့ ပယ်သတ်လိုက်သဖြင့် ၎င်းတို့ကြောင့် ဖြစ်ပေါ်မည့် ဘဝဟူသည် လည်း မရှိတော့ရကား ဗုဒ္ဓရှင်တော်၏ ၎င်းဘဝသည် နောက်ဆုံးဖြစ် သောဘဝ, အဆုံးစွန်သော ဘဝပင် ဖြစ်လေတော့သည်။ ဤဘဝ သည် နောက်ဆုံးဘဝဖြစ်၍လည်း နောင်တဖန် ဘဝသစ်ဟူသည်မှာ ဘုရားရှင်အဖို့ မရှိနိုင်တော့ပြီ။

ဤသို့လျှင် မဇ္ဈိမပဋိပဒါ ခေါ်သော အလယ်အလတ် လမ်းစဉ်ကို သစ္စာလေးပါး, ထိုသစ္စာလေးပါး၌ ဖြစ်သော ဉာဏ် ၁၂-ပါး, ဘုရားဟု ဝန်ခံရာကာလ, ပစ္စဝေက္ခဏာ ဆင်ခြင်ဉာဏ် ဖြစ်ပုံ တို့နှင့်တကွ အကျယ်ဟောပြသည်ကို နာကြားရသော ကောဏ္ဍည အစရှိသော ပုဂ္ဂိုလ်ငါးဦးတို့သည် အလွန်ဝမ်းမြောက်စွာဖြင့် ဘုရားရှင် ၏ တရားတော်ကို အနူးအညွတ် လက်ခံကြလေသည်။

အရှင်ကောဏ္ဍည တရားထူးရပုံ

ဤတရားကို နာ၍ အပြီးမှာပင် ကောဏ္ဍညသည် သန့်ရှင်းသော အမြင်မှန်ကို ရ၍သွားလေသည်။ "ဖြစ်တတ်သော ဝရားတို့သည် ချုပ်ပျက်ခြင်းနှင့် အဆုံးသတ်ကြသည်" ဟူသော အသိဉာဏ်ကို ပိုင်ပိုင်ကြီး ရရှိသွား၍ သောတာပန် အဖြစ်သို့ ရောက်ရှိသွားလေသည်။

ဤအရှင်ကောဏ္ဍညသည်ကား လူသားထဲမှ ပဌမဦးဆုံး တရားထူးကို ရရှိသော ပုဂ္ဂိုလ်ထူးဖြစ်လေသည်။ ထို့ကြောင့်လည်း နောင်အခါတွင် ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေထိုင်တော်မူစဉ် "ဤကောဏ္ဍညသည် ငါ၏သာဝကတို့တွင် ဝါအရင့်ဆုံး သာဝကဖြစ်သည်" ဟု ဝါရင့်သော (ဝါ) သစ္စာလေးပါးကို သိပြီးသော တပည့်အပေါင်းတို့တွင် အမြတ်ဆုံး အဖြစ်ဖြင့် ဧတဒဂ် အရာထား၍ ချီးမြှောက်တော်မူခဲ့လေသည်။ ဘုရားရှင်၏ တပည့် သာဝကတို့တွင် အရှင်ကောဏ္ဍညထက် စော၍ သစ္စာလေးပါးကို သိမြင်သူဟူ၍ မရှိပေ။

ဤသို့ ဓမ္မစကြာတရားကို နာပြီးသည့် အဆုံးမှာပင် အရှင်ကောဏ္ဍည တရားထူး ရသွားသည်ဆိုရာ၌ ထိုအရှင် တရားထူး ရခြင်းသည် အလွန်သက်သာ လွယ်ကူလှသည်ဟု ထင်မှတ်စရာ ရှိ၏။ သို့သော် ဤကဲ့သို့ သူများထက်ဦး၍ တရားထူးကို သိဖို့အတွက် ပါရမီ ဖြည့်ခဲ့ရသော အချိန်ကာလ အပိုင်းအခြား (အချိန်တာ) ကား

မနဲလှပါပေ။ ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဘဝပေါင်းများစွာပင် ပါရမီကို ဖြည့်ဆည်းပူးခဲ့ရသည်။ အလှူဒါန လုပ်ရာ၌လည်း အဦး အမြတ် အလှူမျိုးတွေကို လုပ်ခဲ့သည်။ ဤဘဝ၌လည်း ဘုရား အလောင်း၏ လက္ခဏာကို ဖတ်ပြီးနောက် ဘုရားအလောင်း တော ထွက်ကြောင်း သိရလျှင် ရှေးဦးစွာပင် တောလိုက်ထွက်၍ ခြောက်နှစ် ပတ်လုံး ဘုရားအလောင်းတော်ကို ပြုစုလုပ်ကျွေးခဲ့ရပေ သေးသည်။

ဤအရှင်သည် ပရိသတ်နှင့် နေရခြင်း၌ မမွေ့လျော်ခဲ့ပေ။ တဦးတည်း နေခြင်း၌သာ မွေ့လျော်တော်မူသည်။ ထို့ကြောင့်လည်း ဤအရှင်သည် ဟိမဝန္တာရှိ ဆဒ္ဒန်အိုင်၌သာ အနေများလေသည်။ ပရိနိဗ္ဗာန်ပြုသော အခါတွင်လည်း ၎င်းဆဒ္ဒန်အိုင်သို့သာ ကြွ၍ ပရိနိဗ္ဗာန် ပြုတော်မူခဲ့လေသည်။

## နတ်ဗြဟ္မာတို့ ကြွေးကြော်ဟန်

အထက်၌ ပြခဲ့ပြီးအတိုင်း ဘုရားရှင်သည် ဓမ္မစကြာ တရားဦးကို ဟောတော်မူပြီးလျှင် ပြီးချင်းပင် မြေကိုမှီ၍ နေကြသော ဘုမ္မစိုးနတ်တို့သည် “ဗာရဏသီပြည် ဣသိပတနမိဂဒါဝုန်တောဝယ် လောက၌ မည်သည့်ရဟန်း, ပုဏ္ဏား, နတ်, မာရ်နတ်, ဗြဟ္မာမျှ မဟောကြားနိုင်သော အတုမရှိသည့် ဤဓမ္မစကြာ တရားတော်ကို မြတ်စွာဘုရားရှင်သည် ဟောတော်မူအပ်ပြီး” ဟု ကောင်းချီးပေး၍ အဆင့်ဆင့် ကြွေးကြော်ကြလေသည်။

ဘုမ္မစိုးနတ်တို့၏ကောင်းချီးပေးသံကို ကြား၍စတုမဟာရာဇ် နတ်တို့ကလည်း အထက်ပါနည်းအတိုင်း အဆင့်ဆင့် ကြွေးကြော်ကြ ပြန်သည်။ ထို့အတူပင် တာဝတိံသာနတ်, ယာမာနတ်, တုသိတာနတ်, နိမ္မာနရတီနတ်, ပရိနိမ္မိတဝသဝတ္တီ နတ်တို့လည်း အဆင့်ဆင့် ကြားကြ၍ အဆင့်အဆင့် အထက်ပါနည်းအတိုင်း ကြွေးကြော်ကြ ပြန်သည်။ ပရနိမ္မိတဝသဝတ္တီနတ်တို့၏ ကြွေးကြော်သံကို ကြားသော အခါ ဗြဟ္မာ့ပြည်က ဗြဟ္မာတို့ကလည်း အဆင့်ဆင့် ကြွေးကြော်ကြပြန် ရကား ကောင်းချီးပေးသံသည် အကနိဋ္ဌဗြဟ္မာ့ပြည်တိုင်အောင် ပျံ့နှံ့၍ တက်သွားလေတော့သည်။

ဤကမ္ဘာမြေကြီး အပါအဝင် ဇာတိခေတ်ဟုဆိုအပ်သော တသောင်းသော လောကဓာတ်သည်လည်း ဘုရားရှင်၏ တရား တော်ကို ကောင်းချီးပေးသည့်အလား ပြင်းစွာတုန်လှုပ်လေသည်။ ယင်းသို့ တုန်လှုပ်သော်လည်း သတ္တာတို့အား မည်သည့် ဘေးဥပဒ်မျှ မဖြစ်ပေ။ အတိုင်းအရှည် မရှိသော အလင်းရောင်ကြီးသည်လည်း နတ်တို့၏ အာနုဘော်ကို ကျော်လွန်၍လောက၌ ထင်ရှားစွာ ဖြစ် ပေါ်၍နေလေသည်။ လောကကြီး တခုလုံးတွင် အတိုင်းမသိ ကြီးမား ထွန်းလင်းလှသော အရောင်က လွှမ်းမိုး ဖုံးလွှမ်း၍ နေသည်ဟု ဆိုလို ပေသည်။

## အညာသိကောဏ္ဍည

ထိုအခါတွင် ဘုရားရှင်သည် " အညာသိ ဝတ ဘော ကောဏ္ဍညော၊ အညာသိ ဝတ ဘော ကောဏ္ဍညော" ဟု ဥဒါန်းကျူးရင့်တော်မူလေသည်။ အဓိပ္ပါယ်ကား- "အို- ရဟန်းတို့၊ ကောဏ္ဍညသည် အမှန်တရားဖြစ်သော သစ္စာ ၄-ပါးကို ထိုးထွင်း၍ သိလေပြီတကား" ဟု ဆိုလိုပေသည်။ ယင်းသို့ ဘုရားရှင်ကိုယ်တော်တိုင်က " အညာသိ ဝတ ဘော ကောဏ္ဍညော" ဟု ဥဒါန်းကျူးခံရ၍လည်း အရှင်ကောဏ္ဍည၏ အမည်သည် အညာသိကောဏ္ဍည ဟု ဖြစ်လာပေသည်။ ဤမှနောက်တွင် ဤအရှင်ကို အခြားသော ကောဏ္ဍညအမည်ခံ ရဟန်းတော်တို့နှင့် ကွဲပြားစေဖို့ရာ " အညာသိ ကောဏ္ဍည" ဟူ၍သာ ခေါ်ဝေါ်ကြလေသည်။

# သောတာပန်၏ဂုဏ်

ထိုအရှင်ကောဏ္ဍညသည် သောတာပန်ဖြစ်ပြီးသည် ဖြစ်၍ သစ္စာ ၄-ပါးတရားကို ဉာဏ်မျက်စိဖြင့် မြင်ပြီးသူ (ဒိဋ္ဌဓမ္မ)လည်း မည်၏။ သစ္စာ ၄-ပါး တရားသို့ ဉာဏ်ဖြင့် ရောက်ပြီးသူ (ပတ္တဓမ္မ) လည်း မည်၏။ သစ္စာ ၄-ပါး တရားကို သိရှိပြီးသူ (ဝိဒိတဓမ္မ)လည်း မည်၏။ သစ္စာ ၄-ပါး တရားသို့ ဉာဏ်ဖြင့် သက်ဝင်ပြီးသူ (ပရိယောဂါဠ္ဓမ္မ)လည်း မည်၏။ ဝိစိကိစ္ဆာခေါ်သော ဘုရား တရား သံဃာ စသည်၌ ယုံမှားသံသယကို ကျော်လွန်ပြီးသူ (တိဏ္ဏဝိစိကိစ္ဆ) လည်း မည်၏။ ယင်းသို့ ယုံမှားမရှိသဖြင့် သို့လောသို့လော တွေးတောခြင်း လည်း ထိုအရှင်မှာ မဖြစ်တော့ပြီ (ဝိဂတကထံကထ)၊ ယင်းသို့ ကိုယ်တိုင် သစ္စာ ၄-ပါးတရားကို သိပြီးဖြစ်၍ ဘုရားရှင်၏ သာသနာတော်ဝယ် ရဲရင့်ခြင်းသို့ ရောက်သည်မည်၏။ တရားနှင့်ပတ်သက်လာလျှင် ကြောက်ရွံ့ တွန့်ဆုတ်ခြင်း မရှိ ရဲရဲရင့်ရင့် ဟောပြဖြေဆိုနိုင်သော အခြေသို့ ရောက်ရှိနေလေပြီ။ (ဝေသာရဇ္ဇပ္ပတ္တ)၊ မိမိကိုယ်တိုင် သစ္စာ ၄-ပါး တရားကို သိပြီးဖြစ်ရကား သူ့အဖို့ ဘုရားရှင်မှတပါး အခြား ယုံကြည်စရာ ပုဂ္ဂိုလ်ဟူ၍ မရှိတော့ပြီ။ တရားတော်နှင့် စပ်လာလျှင် အခြားမည်သူ၏ စကားကိုမျှ ယုံစရာ မလိုတော့ပြီ (အပရပ္ပစ္စယ)။

ဗဟိဘိက္ခုရဟန်းဖြစ်ပုံ

ယင်းသို့ သောတာပန်ဖြစ်ပြီး၍ ဆိုခဲ့ပြီး ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံနေပြီဖြစ်သော အရှင်ကောဏ္ဍညသည် ထိုခဏမှာပင် မြတ်စွာဘုရားကို “ မိမိရှင်အဖြစ်, ရဟန်းအဖြစ်ကို ရလိုပါကြောင်း ဘုရားရှင်အထံတော်တွင် တပည့်ခံ၍ ရဟန်းပြုလိုပါကြောင်း” ကို လျှောက်ထားလေရာ ဘုရားရှင်ကလည်း ‘ဗဟိ ဘိက္ခု၊ သွာက္ခာတော ဓမ္မော၊ စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယ- ရဟန်း လာလော့၊ ငါသည် တရားတော်ကို ကောင်းစွာ ဟောထားပေပြီ။ ဝဋ်ဆင်းရဲ၏ အဆုံးကိုပြုခြင်းငှါ (ဝါ) ဝဋ်ဆင်းရဲဆုံးအောင် ပြုခြင်းငှါ မြတ်သော အကျင့်ကို ကောင်းစွာကျင့်လော့” ဟု သင်္ကန်းတော် အတွင်းမှ လက်ယာ လက်တော်ကိုထုတ်၍ မိန့်တော်မူလေသည်။

ထိုကဲ့သို့ မိန့်တော်မူသော ခဏ၌ပင် ကောဏ္ဍည၏ ရသေ့အသွင်, ယောဂီအသွင်, ဆံမုတ်ဆိတ်စသော အသွင်အပြင်ဟောင်းတွေ ကွယ်ပျောက်၍ ဝါတော် (၆၀)ရပြီးသော ရဟန်းတော်အသွင် ပေါ်လာ လေတော့သည်။ အရှင်ကောဏ္ဍညအဖို့ ယခုခေတ်မှာကဲ့သို့ သိမ်ဝင် ၍ ရဟန်းခံမနေရတော့ပေ။ “ဗဟိ ဘိက္ခု” စသော မြတ်စွာဘုရား၏ စကားတော်ဖြင့်ပင် ရဟန်းအဖြစ်သို့ ရောက်သွားလေတော့သည်။

ဤကဲ့သို့ မြတ်စွာဘုရားက “ ဗဟိ ဘိက္ခု” ဟု ခေါ်ကာမျှဖြင့် ဖြစ်သော ရဟန်းကို ဗဟိဘိက္ခုရဟန်းဟု ခေါ်သည်။ ဤကဲ့သို့ ‘ဗဟိဘိက္ခု’ အခေါ်ခံရသော ပုဂ္ဂိုလ်မျိုးကား ရှေးရှေးဘဝများက

ဆုတောင်းလည်းရှိ, သပိတ်သက်န်းကိုလည်း သူတပါးတို့အား လှူခဲ့ဖူးသော ထူးမြတ်သည့် ပုဂ္ဂိုလ်များသာ ဖြစ်လေသည်။ သပိတ်သက်န်း ဘယ်တုံးကမှ မလှူခဲ့ဖူးလျှင်ကား 'ဧဟိဘိက္ခု' ရဟန်းဖြစ်နိုင်ခွင့် မရှိပေ။ သို့ဖြစ်၍ နောင်ပွင့်လတ္တံ့သော ဘုရားရှင်တို့ အထံတွင် 'ဧဟိဘိက္ခု' ရဟန်းဖြစ်လိုသော ပုဂ္ဂိုလ်တို့သည် သပိတ်သက်န်းကို ယခုဘဝတွင် ဘုရားရှင် သာသနာနှင့် ကြုံခိုက်အခွင့်ကောင်းရတုန်း လှူဖြစ်အောင် လှူကြကုန်ရာသည်။

--x--x--x--

# နောက်ဆက်သိဖွယ်

ဤတွင် ဓမ္မစကြာခေါ် တရားဦးဒေသနာကား အဆုံးသတ်သွားပေပြီ။ ဤဒေသနာတွင် အရှင်ကောဏ္ဍည တပါး သာ တရားထူးရ၍ သောတာပန် ဖြစ်သွားကြောင်းပါသည်။ ကျန်သော ဝပ္ပစသောပုဂ္ဂိုလ်တို့ တရားထူး ရ,မရနှင့် ပတ်သက်၍ကား မပါပေ။ အမှန်မှာ ဘုရားရှင်သည် ဝါဆိုလပြည့်နေ့တွင် ဤတရားဦး ဒေသနာကို ဟောတော်မူပြီးနောက် ကြသိပတန မိဂဒါဝုန်တောမှာပင် ဆက်လက်၍ သီတင်းသုံးတော်မူသည်။ သို့သော် လဆုတ် ၁-ရက်နေ့မှစ၍ ဆွမ်းခံကား ကြွတော်မမူပေ။ ကျန်သော ဝပ္ပစသော ရသေ့တို့အား ကမ္မဋ္ဌာန်းပေး၍ ကမ္မဋ္ဌာန်းနှင့် ပတ်သက်သည့် အခက်အခဲပေါ်လာလျှင် ၄င်းတို့ကလည်း ဘုရားရှင်ထံသို့ လာ၍ မေးမြန်းလျှောက်ထားကြသည်။ ဘုရားရှင်ကလည်း ၄င်းတို့ထံသို့ ကြွ၍ သင်ကြားပြသတော်မူသည်။

ထိုအတွင်းတွင် တခါတရံ ၂-ပါးသာ ဆွမ်းခံထွက်၍ ထို ၂-ပါးဆွမ်းခံ၍ရသော ဆွမ်းဖြင့် ၆-ပါးလုံး မျှတတော်မူကြသည်။ တခါတရံလည်း ၃-ပါး ဆွမ်းခံကြွ၍ ရသမျှဖြင့် ၆-ပါးလုံး မျှတကြလေသည်။ ယင်းသို့ ၄င်းတို့ ခံ၍လာသောဆွမ်းဖြင့် မျှတကာ ပဥ္စဝဂ္ဂီတို့ကို ကမ္မဋ္ဌာန်းသင်ကြားပေးလျက် ဆုံးမ ပြသတော်မူလေရာ

လဆုတ် ၁-ရက်နေ့တွင် အရှင်ဝပ္ပသည် လည်းကောင်း၊ ၂-ရက်နေ့တွင် အရှင် ဘဒ္ဒိယသည်လည်းကောင်း၊ ၃-ရက်နေ့တွင် အရှင် မဟာနာမ်သည် လည်းကောင်း၊ ၄-ရက်နေ့တွင် အရှင်အဿဇိသည်လည်းကောင်း အသီးသီး တရားထူးရ၍သောတာပန် အဖြစ်သို့ ရောက်ကြလေသည်။ ၎င်းတို့ကိုလည်း ဘုရားရှင်သည် 'ဧဟိ ဘိက္ခု' ခေါ်တော်မူခြင်းဖြင့် ရဟန်းပြုပေးတော်မူလေသည်။ ထို့ကြောင့် ပဉ္စဝဂ္ဂီရဟန်း ၅-ပါးလုံးပင် ဧဟိ ဘိက္ခုရဟန်းချည်း ဖြစ်လေသည်။

လဆုတ် ၅-ရက်နေ့၌ကား ပဉ္စဝဂ္ဂီ ၅-ပါးလုံးကိုပင် စုဝေးစေ၍ အနတ္တလက္ခဏသုတ်ကို ဟောပြတော်မူသည်။ ၎င်းသုတ်ကို နာရသည်၏ အဆုံး၌ ပဉ္စဝဂ္ဂီ ရဟန်း ၅-ပါးလုံးပင် ရဟန္တာ ဖြစ်သွားကြလေသည်။ ရဟန္တာ ဖြစ်သွားကြ၍ ၎င်းပုဂ္ဂိုလ်တို့ သန္တာန်တွင် လောဘ, ဒေါသ, တဏှာ, မာန, ဒိဋ္ဌိစသော တရားတို့ အကြွင်းမဲ့ ချုပ်ကုန်သည်။ တဏှာကို အကြွင်းမဲ့ ပယ်လိုက်သဖြင့် သူ့ကြောင့် ဖြစ်မည့် နောင်တဖန် ပဋိသန္ဓေနေခြင်းလည်း ၎င်းတို့အဖို့ မရှိတော့ပြီ။ မြတ်စွာဘုရားအထံတော်၌ မြတ်သော အကျင့်ကို အပြီးတိုင် ကျင့်သုံးပြီးကြ၍ ရဟန်းတို့ ပြုဖွယ်ကိစ္စကို ပြုပြီးသည် မည်ကြကုန်သည်။ ၎င်းတို့ ယင်းသို့ သစ္စာ ၄-ပါးတရားကို ကိုယ်တိုင်သိ၍ ကိလေသာတို့မှ လွတ်မြောက်မှုသည်လည်း ဘယ်တော့မှ မပျက်စီးနိုင်တော့ပြီ။ ၎င်းတို့၏ လက်ရှိဘဝကား ထိုအရှင်တို့အတွက် နောက်ဆုံးဖြစ်သော ဘဝပင်တည်း။ ဤဘဝမှ နောက်၌ ဖြစ်စရာ ဘဝဟူ၍

မရှိတော့ပြီ။ ဆိုကုန်၍ သော်လည်းကောင်း၊ မိးစာကုန်၍သော် လည်းကောင်း ငြိမ်းသွားသော ဆီမီးကဲ့သို့ပင် ၄င်းအရှင်တို့လည်း ဤဘဝမှ စုတေလျှင် အပြီးသတ် ချုပ်ငြိမ်းကြလေတော့မည်။ ချုပ်ငြိမ်း လည်း ချုပ်ငြိမ်းခဲ့ကြပေပြီ။ ယင်းသို့ ချုပ်ငြိမ်းသွားခြင်းကိုပင် ပရိနိဗ္ဗာန် စံသည်ဟု ဆိုရတော့သည်။

ဤအရှင်များနည်းတူ တဏှာကို အကြွင်းမဲ့ ပယ်သတ်၍ ဒုက္ခခပ်သိမ်းတို့၏ ချုပ်ငြိမ်းရာ ချမ်းသာစစ် ချမ်းသာမှန်ဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုလိုကြသော အမျိုးကောင်းသား အမျိုး ကောင်း သမီးတို့သည်လည်း ဓမ္မစကြာတရားဦး၌ ညွှန်ပြထားသော မဂ္ဂင်လမ်းစဉ်ကို တကယ်တမ်း လိုက်နာကျင့်ကြံကြကုန်ရာသည်။

လူ့လောက အရှုပ်အထွေးကြားမှ မထွက်နိုင်သေး၍ မဂ္ဂင် လမ်းစဉ်ကို အင်တိုက်အားတိုက် မလိုက်နာ မကျင့်ကြံနိုင်သေးသော သူတို့ သည်လည်း ဤ ဓမ္မစကြာ၌လာသော အနက် အဓိပ္ပာယ်တို့ကို မိမိ လည်း သိမြင်အောင် အားထုတ်, သူတပါးတို့အားလည်း သိမြင် အောင် ကူညီစောင်မလျက် မဂ္ဂင်တရားများကို မိမိတို့ တတ်စွမ်းသမျှ ပွားများ အားထုတ်ခြင်းဖြင့် ဗုဒ္ဓရှင်တော်၏ တာဝန်ကျေသော တပည့် တပည့်မများ ဖြစ်နိုင်ကြပါစေဟု ဆုတောင်းရင်း ဤ " တရားဦး" ခေါ် ဓမ္မစကြာ မြန်မာအဖွင့် ကျမ်းငယ်ကလေးကို နိဂုံးချုပ်လိုက်ပါ သတည်း။

--×--×--×--

တရားဦးဒေသနာ

# ဓမ္မစကြာပါဠိတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## အမွှန်း

က။ ဘိက္ခုနံ ပဉ္စဝဂ္ဂီနံ၊
ဣသိပတနနာမကေ။
မိဂဒါယေ ဓမ္မဝရံ၊
ယံ တံ နိဗ္ဗာနပါပကံ။

ခ။ သဟမ္ပတိနာမကေန၊
မဟာဗြဟ္မုန ယာစိတော။
စတုသစ္စံ ပကာသေန္တော၊
လောကနာထော အဒေသယိ။

ဂ။ နန္ဒိတံ သဗ္ဗဒေဝေဟိ၊
သဗ္ဗသမ္ပတ္တိသာဓကံ။
သဗ္ဗလောကဟိတတ္ထာယ၊
ဓမ္မစက္ကံ ဘဏာမ ဟေ။

နိဒါန်း

ဧဝံ မေ သုတံ-

ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ။

တတြ ခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ-

လမ်းစဉ်မှား

ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ၊ ကတမေ ဒွေ၊ ယော စာယံ ကာမေသု ကာမသုခလ္လိကာနုယောဂေါ ဟီနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော၊ ယော စာယံ အတ္တကိလမထာနုယောဂေါ ဒုက္ခော အနရိယော အနတ္ထသံဟိတော။

လမ်းစဉ်မှန်

ဧတေ ခေါ ဘိက္ခဝေ ဉဘော အန္တေ အနုပဂမ္မ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဉပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ကတမာ စ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဉပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ အယမေဝ အရိယော

အင္ဂဳိကော မဂ္ဂေါ၊ သေယျထိဒံ- သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

အယံ ခေါ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊

ဒုက္ခသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော။ မရဏမ္ပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယံ ပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။

သမုဒယသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ယာယံ တဏှာ ပေါနောဘဝိကာ နန္ဒီရာဂသဟဂတာ တတြတတြာဘိနန္ဒိနီ၊ သေယျထိဒံ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။

နိရောဓသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ယော တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။

မဂ္ဂသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သေယျထိဒံ-သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

ဒုက္ခသစ္စာ၌ အသိဉာဏ် ၃-ပါး၊ သစ္စဉာဏ်

'ဣဒံ ဒုက္ခံ အရိယသစ္စ'န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ ဉာဏံ ဥဒပါဒိ ပညာ ဥဒပါဒိ ဝိဇ္ဇာ ဥဒပါဒိ အာလောကော ဥဒပါဒိ။

ကိစ္စဉာဏ်

"တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညေယျ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ ဉာဏံ ဥဒပါဒိ ပညာ ဥဒပါဒိ ဝိဇ္ဇာ ဥဒပါဒိ အာလောကော ဥဒပါဒိ။

ကတဉာဏ်

"တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညာတ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ ဉာဏံ ဥဒပါဒိ ပညာ ဥဒပါဒိ ဝိဇ္ဇာ ဥဒပါဒိ အာလောကော ဥဒပါဒိ။

သမုဒယသစ္စာ၌ အသိဉာဏ် ၃-ပါး၊ သစ္စဉာဏ်

"ဣဒံ ဒုက္ခသမုဒယံ အရိယသစ္စ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ ဉာဏံ ဥဒပါဒိ ပညာ ဥဒပါဒိ ဝိဇ္ဇာ ဥဒပါဒိ အာလောကော ဥဒပါဒိ။

ကိစ္စဉာဏ်

"တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟာတဗ္ဗ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ ဉာဏံ ဥဒပါဒိ ပညာ ဥဒပါဒိ ဝိဇ္ဇာ ဥဒပါဒိ အာလောကော ဥဒပါဒိ။

ကတဉာဏ်

"တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟီန" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ ဉာဏံ ဥဒပါဒိ ပညာ ဥဒပါဒိ ဝိဇ္ဇာ ဥဒပါဒိ အာလောကော ဥဒပါဒိ။

နိရောဓသစ္စာ၌ အသိဉာဏ် ၃-ပါး သစ္စဉာဏ်

"ဣဒံ ဒုက္ခနိရောဓံ အရိယသစ္စ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ ဉာဏံ ဥဒပါဒိ ပညာ ဥဒပါဒိ ဝိဇ္ဇာ ဥဒပါဒိ အာလောကော ဥဒပါဒိ။

ကိစ္စဉာဏ်

"တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကာတဗ္ဗ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ ဉာဏံ ဥဒပါဒိ ပညာ ဥဒပါဒိ ဝိဇ္ဇာ ဥဒပါဒိ အာလောကော ဥဒပါဒိ။

ကတဉာဏ်

"တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကတ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ ဉာဏံ ဥဒပါဒိ ပညာ ဥဒပါဒိ ဝိဇ္ဇာ ဥဒပါဒိ အာလောကော ဥဒပါဒိ။

မဂ္ဂသစ္စာ၌ အသိဉာဏ် ၃-ပါး၊ သစ္စဉာဏ်

'ဣဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ ဉာဏံ ဥဒပါဒိ ပညာ ဥဒပါဒိ ဝိဇ္ဇာ ဥဒပါဒိ အာလောကော ဥဒပါဒိ။

ကိစ္စဉာဏ်

"တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝေတဗ္ဗ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ ဉာဏံ ဥဒပါဒိ ပညာ ဥဒပါဒိ ဝိဇ္ဇာ ဥဒပါဒိ အာလောကော ဥဒပါဒိ။

## ကတဉာဏ်

"တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝိတ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ ဉာဏံ ဥဒပါဒိ ပညာ ဥဒပါဒိ ဝိဇ္ဇာ ဥဒပါဒိ အာလောကော ဥဒပါဒိ။

## ဘုရားဟု ဝန်မခံချိန်

ယာဝကီဝဉ္စ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ န သုဝိသုဒ္ဓံ အဟောသိ၊ နေဝ တာဝါဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ " အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ" တိ ပစ္စညာသိံ။

## ဘုရားဟု ဝန်ခံချိန်

ယတော စ ခေါ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ သုဝိသုဒ္ဓံ အဟောသိ၊ အထာဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ

သဒ္ဒေဝမနုဿာယ “ အနုတ္တရံ သမ္မာသမ္ဗောဓိ အဘိသမ္ဗုဒ္ဓေါ” တိ ပစ္စညာသိ။ ဉာဏဉ္စ ပန မေ ဒဿနံ ဥဒပါဒိ၊ အကုပ္ပါ မေ ဝိမုတ္တိ၊ အယမန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါတိ၊

ဣဒမဝေါစ ဘဂဝါ၊ အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ၊

အသျှင်ကောဏ္ဍည သောတာပန် ဖြစ်ပုံ

ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ အာယသ္မတော ကောဏ္ဍညဿ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ “ ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မ” န္တိ၊

နတ်ပြဟ္မာတို့ ကြွေးကြော်ခြင်း

ပဝတ္တိတေ စ ပန ဘဂဝတာ ဓမ္မစက္ကေ ဘုမ္မာ ဒေဝါ သဒ္ဒမနုဿာဝေသုံ “ ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ” တိ။

ဘုမ္မာနံ ဒေဝါနံ သဒ္ဒံ သုတွာ စာတုမဟာရာဇိကာ ဒေဝါ သဒ္ဒမနုဿာဝေသုံ။ ပ။ စာတုမဟာရာဇိကာနံ ဒေဝါနံ သဒ္ဒံ သုတွာ

တာဝတိံသာ ဒေဝါ။ ပ။ ယာမာ ဒေဝါ။ ပ။ တုသိတာ ဒေဝါ။ ပ။ နိမ္မာနရတီ ဒေဝါ။ ပ။ ပရနိမ္မိတဝသဝတ္တီ ဒေဝါ။ ပ။ ဗြဟ္မကာယိကာ ဒေဝါ သဒ္ဒမနုဿာဝေသုံ " ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ" တိ။

လောကသောင်းတွင်း တုန်လှုပ်လင်း

ဣတိဟ တေန ခဏေန တေန လယေန တေန မုဟုတ္တေန ယာဝ ဗြဟ္မလောကာ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆိ။ အယဉ္စ ဒသသဟဿီ-လောကဓာတု သံကမ္ပိ သမ္ပကမ္ပိ သမ္ပဝေဓိ၊ အပ္ပမာဏော စ ဥဠာရော ဩဘာသော လောကေ ပါတုရဟောသိ အတိက္ကမ္မ ဒေဝါနံ ဒေဝါနုဘာဝန္တိ။

အညာသိ ကောဏ္ဍည အမည်ရ

အထ ခေါ ဘဂဝါ ဣမံ ဥဒါနံ ဥဒါနေသိ " အညာသိ ဝတ ဘော ကောဏ္ဍညော၊ အညာသိ ဝတ ဘော ကောဏ္ဍညော" တိ။ ဣတိ ဟိဒံ အာယသ္မတော ကောဏ္ဍညဿ " အညာသိ-ကောဏ္ဍညော" တွေဝ နာမံ အဟောသိ။

အရှင်ကောဏ္ဍည ဧဟိဘိက္ခုဖြစ်ခဏ်း

အထ ခေါ အာယသ္မာ အညာသိ ကောဏ္ဍညော ဒိဋ္ဌဓမ္မော ပတ္တဓမ္မော ဝိဒိတဓမ္မော ပရိယောဂါဠ္ဓဓမ္မော တိဏ္ဏဝိစိကိစ္ဆော ဝိဂတကထံကထော ဝေသာရဇ္ဇပ္ပတ္တော အပရပ္ပစ္စယော သတ္ထု-သာသနေ ဘဂဝန္တံ ဧတဒဝေါစ "လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ လဘေယျံ ဥပသမ္ပဒ" န္တိ။ " ဧဟိ ဘိက္ခူ" တိ ဘဂဝါ အဝေါစ " သွာက္ခာတော ဓမ္မော၊ စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယာ" တိ။ သာဝ တဿ အာယသ္မတော ဥပသမ္ပဒါ အဟောသီတိ။

ဓမ္မစက္ကပ္ပဝတ္တနသုတ္တံ နိဋ္ဌိတံ။

--×--×--×--

* ဤဓမ္မစကြာသုတ်ကို ဝိနည်းမဟာဝါ ပါဠိတော် (၁၄-၁၈) သံယုတ် ပါဠိတော် တတိယအုပ် (၃၆၈-၃၇၃) ပဋိသမ္ဘိဒါမဂ် ပါဠိတော် (၃၂၉-၃၃၅) တို့၌ တွေ့နိုင်သည်။

ပ.မ.သ.စ-၁၃/၁၅.၆.၂၀၀၁ (၁၀၀၀)လစ်သို့ (မြေပ)..

## ကျမ်းပြုဆရာတော်

ကျမ်းပြုဆရာတော်သည် စစ်ကိုင်းတောင်ရိုး၊ မဟာဝိဇ္ဇောဒယချောင်တွင် သီတင်းသုံးစဉ် ၁၉၅၈-ခုနှစ်ခန့်က ပြုစုခဲ့သော ကျမ်းဖြစ်သဖြင့်“ မဟာဝိဇ္ဇောဒယ အရှင်သီလာနန္ဒာဘိဝံသ ရေးသည်”ဟူသော ရှေးမူအတိုင်း ပုံနှိပ်ခြင်းဖြစ်ပါသည်။

ကျမ်းပြုဆရာတော်မှာ ယခုအခါ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် ဆောင်ရွက်တော်မူလျက်ရှိသော ဒေါက်တာ အရှင်သီလာနန္ဒာဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော် အရှင်သူမြတ်ပင် ဖြစ်ပါသည်။

=========